# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၉၁)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၃ ရက် ၊ ၂၄-၉-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum-2025)သို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum-2025)သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် အပါအဝင် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)ကို လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ) အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်ရေနံအခြေစိုက်စခန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကုန်းတွင်းနှင့် ကမ်းလွန်ရေနံမြေများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိသော ဆိုက်စမစ်အချက်အလက်များကို ဘူမိရူပဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်နေမှုနှင့် ကမ်းလွန်ရေနံအခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသလို ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း၊ **စာမျက်နှာ ၄ သို့** ❁

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

နိုင်ငံတော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်၊ စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်တွင် လူတိုင်းလူတိုင်းက အသိပညာကို ရှာမှီးပြီး မိမိဘဝကို လုပစ္စာ ဖန်တီးလျက်ရှိကြသည်။ လူငယ်များအနေဖြင့် အသိပညာရှာမှီးပြီး မိမိတို့ဘဝတိုးတက်စေရန်နှင့် နိုင်ငံကို အကျိုးပြုနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့် လူငယ်စာဖတ်ဝိုင်းများကို ကျင်းပပြီး လူငယ်များ စာပေဖတ်ရှုလာအောင် လှုံ့ဆော်ပေးလျက်ရှိသည်။

စာပေလေ့လာဖတ်ရှုရန်၊ စာပေမှရရှိသော အသိပညာများကို မှတ်သားရန်နှင့် အခြားသူများကိုလည်း ပြန်လည်ဆွေးနွေးမှုဝေကြရမည်ဖြစ်သည်။ စာကြည့်တိုက်များကို အသိပညာများ သိုလှောင်ထားသည့် ပညာဘဏ်တိုက်များအဖြစ် ရှုမြင်ပြီး တန်ဖိုးထားကြရမည်ဖြစ်သည်။ စာအုပ်၊ စာစောင်အဟောင်းများကို မဖတ်ရသေးပါက အသစ်ဟု သဘောထား၍ ဖတ်မှတ်လေ့လာကြရန် လိုအပ်မည်လည်းဖြစ်သည်။ အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို သက်ဆိုင်ရာဌာနများက အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်အသစ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ ယနေ့အချိန်တွင် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတပြည့်စုံကြွယ်ဝဖို့ အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများပင်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ ကြွယ်ဝသော လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့် လူနှင့်တူကာ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်။ ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်သည်။ စာပေလေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သော သဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာပြီးမြောက်သောလည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစိုက် လေ့လာရမည်ဖြစ်သည်။ ထိုသို့လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစား စုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်၊စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်၊ စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်၊စာစောင်များ လှူဒါန်းလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက် ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅ လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်းနှင့်၁၄၀ လမ်းထောင့်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**




# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ချမ်းမြသာစည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် သတ်မှတ်ရက်များအတွင်း မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ ကြိုတင်သိရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန်၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများ ပြည့်စုံစေရေး စနစ်တကျ ဆောင်ရွက်ထားရှိကြရန်၊ မဲပေးစက်ဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ်များအား ပြည်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရေး ထပ်မံတိုးမြှင့်ဆောင်ရွက်ကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော မြို့နယ်နှင့် ရပ်ကွက်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ **(အောက်ဝဲပုံ)**

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့(ချမ်း/စည်)**



# စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက် Mobile Library ကားဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက ပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီး စီမံကိန်းရုံးနှင့်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library ကားတွင် သုတရသစာအုပ်ပေါင်း ၁၈၀၀ ကျော်ရှိပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ Mobile Library စနစ်ဖြင့် အဆိုပါရုံးရှိ ဌာနဆိုင်ရာ ဝန်ထမ်းများကို စာအုပ်၊ စာစောင်များ ငှားရမ်းပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ငှားရမ်းပေးထားသော စာအုပ်များကို နှစ်ပတ်လျှင် တစ်ကြိမ် လှယ်လဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဧင်မင်းမောင်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်များတွေ့ဆုံပွဲ တက်ရောက် အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်ပေးနိုင်ရေး ကြိုးစား

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများနှင့် ဗဟိုကော်မတီဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး(ယာပုံ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကကြီးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများ ထွန်းကားရန်အရေးကြီးပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်အနေဖြင့် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်ကောင်းမွန်စေရေး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေး၊ ထုတ်လုပ်မှုစရိတ်များလျှော့ချနိုင်ရေး၊ စွမ်းအင်ချွေတာသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို နည်းလမ်းရှာဖွေ၍ ပူးပေါင်းပါဝင် မြှင့်တင်ဆောင်ရွက်စေလိုကြောင်း။

ထို့ပြင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးခြင်း၊ နည်းပညာများရရှိအောင် စီမံပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုပြုလုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် နာယကကြီးများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ရေရှည်လည်ပတ်ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ အသင်းချုပ်၌ လူငယ်မျိုးဆက်သစ်အင်ဂျင်နီယာများ ပါဝင်ဖွဲ့စည်းရေး၊ အင်ဂျင်နီယာပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ အသိပညာဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်း- ဩရိဿပြည်နယ် မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီးနောက် ၂၄ နာရီအတွင်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ ကျေးရွာများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာသူ၊ ရွာသားများမှ လုပ်အား၊ ပစ္စည်း ပူးပေါင်းပါဝင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာအုပ်စု၊ ရွာသာကျေးရွာ၊ မြောက်လည်ကျေးရွာအုပ်စု၊ အိုးအိုင့်ကုန်းကျေးရွာ၊ မြာကျေးရွာအုပ်စု၊ ရေဝေကျေးရွာ၊ အလည်ရွာကျေးရွာအုပ်စု၊ အလည်ရွာကျေးရွာ၊ မလှိုင်မြို့နယ်၊ ကုန်းတဲကျေးရွာအုပ်စု ကုန်းတဲ(တ)ကျေးရွာ၊ သာစည်မြို့နယ်၊ ကုက္ကိုကန်ကျေးရွာအုပ်စု၊ ကုက္ကိုကန်ကျေးရွာ၊ မကျီးကန်ကျေးရွာအုပ်စု၊ ဆံမြိတ်ရှည်ကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် ရွဲသီးကျေးရွာအုပ်စု၊ ဆုံကုန်းကျေးရွာတို့တွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဒုတိယအကြိမ်)အာဟာရကျွေးမွေး

**ပခုက္ကူ စက်တင်ဘာ ၂၃**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် KG ကျောင်းသား၊ ကျောင်းသူများကို ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဒုတိယအကြိမ်)အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ (အောက်ဝဲပုံ)



အဆိုပါလုပ်ငန်းကို ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းကျန်းမာရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာကျောင်း ၁၄၀ မှ KG ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၄၅ ဦးတို့အား အာဟာရဖြည့်စွက်အစားအစာများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(၃၄၀)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၅ ရက်

သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**နေပြည်တော် စက်တင်ဘာလ ၂၃ ရက်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ၈ - ၉ - ၂၀၂၅ ရက်နေ့မှ ၂၂ - ၉ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အမည်စာရင်းတင်သွင်းခဲ့ကြရာ နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၄၉၆၃ ဦး အမည်စာရင်း တင်သွင်းခဲ့ကြပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | | တိုင်း/ ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး | |
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆၅ | ၁၅၆ | ၅၆၉ | ၂၈ | ၁၀၁၈ |
| ၂ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | ၁၈၂ | ၁၁၁ | ၃၈၇ | ၁၄ | ၆၉၄ |
| ၃ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃ | ၁၄၅ | ၃၂၀ | ၁၄ | ၆၇၂ |
| ၄ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅ | ၅၅ | ၂၄၃ | ၅ | ၄၂၈ |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၁၅၉ | ၇၆ | ၃၄၁ | ၈ | ၅၈၄ |
| ၆ | ပြည်သူ့ပါတီ | ၁၅၂ | ၇၃ | ၂၇၈ | ၉ | ၅၁၂ |
| ၇ | တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုအတွင်း စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီ | ၂၀၃ | ၂၁၃ | ၅၂၅ | ၁၉ | ၉၆၀ |
| ၈ | တစ်သီးပုဂ္ဂလ | ၅၁ | ၃ | ၃၃ | ၈ | ၉၅ |
| စုစုပေါင်း | | ၁၃၃၀ | ၈၃၂ | ၂၆၉၆ | ၁၀၅ | ၄၉၆၃ |

အဆိုပါ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုများကို ၂၃ - ၉ - ၂၀၂၅ ရက်နေ့မှ ၄ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခဲ့ကြသည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီး၌ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**❁ ရှေ့ဖုံးမှ**

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုလျက်ရှိသော်လည်း နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုအချိုး(Energy Mix)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ရေအားနှင့် သဘာဝဓာတ်ငွေ့များကို အဓိကအသုံးပြုနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ကဏ္ဍ၊ တစ်နည်းအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရတနာ၊ ဇောတိက၊ ရဲတံခွန်နှင့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီးလေးခုတို့မှ သဘာဝဓာတ်ငွေ့များထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် ပြည်တွင်းသုံးအဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ CNG သုံး မော်တော်ယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံများအတွက်လည်း သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် စီမံကိန်းကြီးများဖြစ်ပါကြောင်း။

သို့ရာတွင် အဆိုပါစီမံကိန်းကြီးများသည် သက်တမ်းကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သည့်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ တဖြည်းဖြည်းလျော့နည်းလာပြီ ဖြစ်သဖြင့် စီမံကိန်းအသစ်များ ရှာဖွေတူးဖော်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရန် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများအား လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံတွင်းသစ်များ နေရာသတ်မှတ်နိုင်ရေး တိုင်းတာရရှိခဲ့သော ဆိုက်စမစ်အချက်အလက်များ ဘူမိရူပ ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကရေနံတူးဖော်ခြင်းလုပ်ငန်းများကို နည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရေနံလက်ယက်တွင်းလုပ်ငန်းများအစား နည်းစနစ်ကျတွင်းများ ဖြစ်ပေါ်လာစေရေး အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သည် စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသုံးပစ္စည်းများအား လက်ခံသိုလှောင်၍ ကုန်းတွင်း၊ ကမ်းလွန်လုပ်ငန်းများအတွက် ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးနေသည့် အရေးပါသော ထောက်ပံ့ရေးစခန်းတစ်ခုဖြစ်သဖြင့် ပစ္စည်းများ စနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊ မီးဘေးလုံခြုံရေးနှင့် စခန်းလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ ဝန်ထမ်းများအတွက် အမှတ်တရ သစ်သီးခြင်း ပေးအပ်သည်။

ထို့နောက် ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)အတွင်းရှိ ဂိုဒေါင်များအတွင်း ပစ္စည်းများထိန်းသိမ်းထားရှိမှု၊ တွင်းထိန်းဘိလပ်မြေ ဓာတ်ခွဲစမ်းသပ်ခန်းအတွင်း သတ်မှတ်စံနှုန်းနှင့်အညီ တွင်းထိန်းဘိလပ်မြေအဆင့်ဆင့်စမ်းသပ်ဆောင်ရွက်နေမှု၊ ရေလုံသင်္ဘောကျင်းတွင် သင်္ဘောများ လွန်းတင်ပြင်ဆင်နေမှု၊ သာကေတဆိပ်ခံတံတားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်လုပ်ကွက်များသို့ လိုအပ်သည့်ပစ္စည်းများ ပို့ဆောင်ပေးရာတွင် အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ကြရန်၊ သင်္ဘောများကို လွန်းတင်ပြင်ဆင်ခြင်းလုပ်ငန်းဇယားရေးဆွဲ၍ ပြုပြင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် စံသတ်မှတ်ချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ပွဲတော်အခမ်းအနားကြီးမတိုင်မီ သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး







**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ပွဲတော်အခမ်းအနားကြီးမတိုင်မီ ကျောင်းမျက်နှာစာနှင့် ကျောင်းဝင်းဧရိယာအတွင်း ဥပမိရုပ်ကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် မြို့တော်စည်ပင်ဌာနအသီးသီးမှ ကဏ္ဍအလိုက် လုပ်ငန်းများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများနှင့်အတူ တက္ကသိုလ်အဝင်လမ်းမကြီး ၇၃ လမ်း ပလက်ဖောင်းများနှင့် အုတ်တံတိုင်းများကြားနေရာ၌ မြေယာရှုခင်းအလှရောင်စုံပန်းအလှစိုက်ခင်းပန်းဝိုင်းများ ထပ်မံ၍ စိုက်ပျိုးရန်နှင့် မန္တလေးတက္ကသိုလ် အဝင်ဆိုင်းဘုတ်ရှေ့ပတ်လည်တွင် အလှပန်းအိုးများ ထပ်မံချထားရန်တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများကိုလည်းကောင်း၊ တက္ကသိုလ်အဝင် ၇၃ လမ်းတစ်လျှောက် လမ်းအချက်ပြဆေးလိုင်းများနှင့် ပလက်ဖောင်းကတ်တုံးများအား (ဖြူနီကျား၊ ဝါနက်ကျား)ဆေးလိုင်းများ ရေးဆွဲပေးရန်အတွက် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ရှိသူများကိုလည်းကောင်း မှာကြားပြီးနောက် ကျောင်း၏ရှေ့ဥပစာတွင် ချုံနွယ်ပိတ်ပေါင်းများနှင့် ပေါင်းပင်၊ မြက်ပင်များအား သန့်ရှင်းရေးဌာနမှ လုပ်သားများက စုပေါင်းရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် တက္ကသိုလ်ကျောင်းဝင်းအတွင်း ဖွင့်ပွဲမုခ်ဦးတည်ဆောက်ရန် လျာထားနေရာတွင် စတင်တည်ဆောက်ရန်နှင့် တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် ကျောက်စာထားရှိရန် တည်ဆောက်နေမှု၊ ဗဟိုပင်မကျောင်းဆောင်ကြီး ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် နေ့၊ ည ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ တည်ဆောက်ရေးကုမ္ပဏီတာဝန်ရှိသူများနှင့် ညှိနှိုင်းခဲ့သည်။

ထို့နောက် မန္တလေးတက္ကသိုလ်ကျောင်းတော်ကြီး၏ အဝင်လမ်းတစ်လျှောက်ပလက်ဖောင်းနှင့် အတက်လမ်းများအား ဆေးသုတ်မွမ်းမံပြင်ဆင်ရေး၊ ရေတင်ရေဝပ်မှုများ မဖြစ်စေရေးတို့အတွက် ပြုပြင်ပေးရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရေးနှင့် တက္ကသိုလ်ရှေ့သစ်ပင်ကြီး၊ ငယ်များအား ပုံသွင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးမျက်နှာစာရှိ ဥယျာဉ်အတွင်း (Flower Box) များ၌ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု၊ Ground Cover(မြေပြင်ရှုခင်း)အလှမြက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ ဘွဲ့နှင်းသဘင်ခန်းမရှေ့ ကားရပ်နားကွင်း (Car Parking) ဆောင်ရွက်ပြီးစီးမှု၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပြီးစီးမှု၊ အဆိုပါခန်းမရှေ့ လမ်းမတစ်လျှောက် လမ်းလယ်ကျွန်းများ၌ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှုများနှင့် ပန်းအလှပင်များ ထပ်မံ၍ နေရာချထားရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## မြို့ပတ်လမ်းပေါ်ရှိ နှင်းဆီအိမ်ရာတွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်းမှ ကြီးမှူး၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ၁၄လမ်းနှင့် ၁၆လမ်းကြား၊ အကွက်(၈၃)၊ နှင်းဆီအငှားအိမ်ရာတိုက်ရှိ နှင်းဆီသုခစေတနာလူမှုကူညီရေးအသင်းရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ အမှတ်(၅)မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင်၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ရှယ်လိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်သောင်းနှင့် ရာအိမ်မှူးများ၊ ပြည်သူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး စခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင်က မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ရှယ်လိန်းက နယ်မြေအတွင်း ဖြစ်ပေါ်လေ့ရှိသော မှုခင်းများအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များ၏ အကြောင်းအရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယရဲမှူး ဝင်းနိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၃)

## ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ တိုက်ဆိုင်စိစစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ တိုက်ဆိုင်စိစစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကျောက်ဆည်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်ဆည်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်က အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးအောင်ဟိန်းက ပါတီကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်၍ တိုက်ဆိုင်စိစစ်သွားရမည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ ကျောက်ဆည်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်မောင်**

# မြန်မာကလေးငယ်များ၏ ရိုးရာဓလေ့ကစားနည်းများ













### ချစ်စရာအရွယ်ကလေးငယ်

မြန်မာကလေးငယ်များသည် မွေးကင်းစအရွယ်မှာပင် အလွန်ချစ်စရာကောင်းလှသည်။ မွေးကင်းစ အနီးပိတ်စဖြူဖြူလေးနှင့် ထုပ်ထားသော ရင်သွေးငယ်လေးများ၏ မျက်နှာလေးမှာ ကောင်းကင်တွင် ထွန်းလင်းတောက်ပနေသော လမင်းကြီးပမာ ဖြူစင်သန့်ရှင်း ဝိုင်းဝိုင်းစက်စက်ဖြင့် ကြည့်၍ အလွန်ကောင်းလှပေသည်။ မိဘများ၏ ရှုမဝလေးများ ဖြစ်ကြလေသည်။ ပါးစပ်မှ 'ဂူးဂူး၊ ဂဲဂဲ' စပြောပြီး ခြေလက်လှုပ်ရှားသည်မှစ၍ မိခင်လုပ်သူက ကိုယ့်ရင်သွေးကို 'ချိုမိုင်မိုင်' စသည့် လက်ကစားခြင်းဖြင့် စသင်ကြပါသည်။

မြန်မာ့ရိုးရာ သားချော့သီချင်းဖြစ်သော 'မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါကွယ်' သီချင်းမှာ အဘွားတို့၊ အမေတို့ ခေတ်ကတည်းက ဆိုခဲ့ကြသောသီချင်းဖြစ်သည်။ စကားပြောတတ်စအရွယ်ရောက်သောအခါ 'ရွှေယုန်ရွှေကျား'၊ 'မနှင်းဖြူနှင့် လူပုလေးခုနစ်ယောက်' မှာလည်း အိပ်ရာဝင်ပုံပြင်များအဖြစ် ကလေးများအား မိဘများက ပြောပြလေ့ရှိကြပါသည်။

### မူလတန်းကျောင်းသားများ၏ ရိုးရာဓလေ့ကစားနည်းများ

ကျေးလက်ဒေသများတွင် နေထိုင်ကြသော မြန်မာတို့သည် မိမိတို့၏ ရင်သွေးငယ်အသက်လေးနှစ်ကျော်ငါးနှစ်ရောက်လျှင် ရွာဦးဘုန်းတော်ကြီးကျောင်းတို့နှင့်တွဲဖက်ထားသည့် အစိုးရမူလတန်းကျောင်းသို့ ကျောင်းအပ်လေ့ရှိကြသည်။ မြို့ကြီးများမှာမူ မူကြိုအရင်တက်ရပါသည်။ မူကြိုပြီးမှ ကိုယ်ထားချင်သည့်ကျောင်းသို့ ထားကြရပါသည်။

ကျောင်းစထားချိန်တွင် စာချည်းသက်သက်သင်သည်မဟုတ်ဘဲ အားလပ်ချိန်၊ စားချိန်၊ ကစားချိန်တို့ သတ်မှတ်ပေးထားပါသည်။ အားလပ်ချိန်၊ ကစားချိန်တို့တွင် လူငယ်ဘဝကျောင်းသားငယ်များသည် ပျော်ရွှင်စွာကစားရသည်ကို အလွန်နှစ်သက်ကြပါသည်။ မြန်မာကလေးငယ်များ၏ ကစားကြပုံမှာ ဒေသတစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း အများစုမှာ ထုပ်ဆီးတိုးခြင်း၊ အပြေးပြိုင်ခြင်း၊ ကြက်ဖခွပ်ခြင်း၊ ခွေးရူးလိုက်ခြင်း၊ ဖန်ခုန်ခြင်း၊ စုံ၊ မဝှက်ခြင်း၊ ဇယ်တောက်ခြင်း၊ လိပ်ဥဝှက်ခြင်း၊ တွတ်ထိုးခြင်း၊ တူတူပုန်းခြင်း၊ ကြိုးခုန်ခြင်း၊ ဘောလုံးကန်ခြင်း၊ တိုက်ကြီးတိုက်ကွက်ကစားခြင်း၊ ဝိုင်းကြီးပတ်ပတ်ကစားခြင်း၊ ရွှေစွန်ညိုကစားခြင်း၊ အရူးမလိုက်တမ်းကစားခြင်း၊ လွန်ဆွဲခြင်း စသည်ဖြင့် တစ်နယ်တစ်မျိုး များပြားလှပါသည်။ ဖော်ပြပါ မြန်မာကလေးငယ်များ၏ ရိုးရာကစားနည်းများအနက် ထင်ရှားသည့်ကစားနည်းများမှာ ထုပ်ဆီးတိုးခြင်း၊ ကြက်ဖခွပ်ခြင်း၊ ရွှေစွန်ညိုဝဲခြင်းတို့ ဖြစ်ပါသည်။

### ကျေးလက်ထုပ်ဆီးတိုးကစားနည်း

ကျေးလက်နေ ကျောင်းသား၊ ကျောင်းသူကလေးများသည် ကျေးလက်ထုပ်ဆီးတိုးကစားနည်းကို နှစ်သက်ကြပါသည်။ တစ်ဖက်ငါးဦးစီဖြင့် ကစားလေ့ရှိပြီး စည်းငါးတန်းနှင့် ဘေးစည်းများရှိသည်။ ခေါင်းသူကြီးနှင့်လေးဦးက တစ်လှည့်စီ တားစည်းကိုဖြတ်ကျော်နိုင်အောင် ကြိုးပမ်းရသည်။ ထိပ်စည်းမှ နောက်ပိတ်စည်း၊ နောက်ပိတ်စည်းမှခေါင်စည်းကျော်နိုင်ပါမှ 'အောင်ထူပြီ' အော်ပြီး အနိုင်ရသည့်ကစားနည်းဖြစ်သည်။ ဤထုပ်ဆီးတိုးကစားနည်းသည် ယခုအခါ မြို့ပြများတွင် အားကစားပြိုင်ပွဲတိုင်း ပြိုင်ကြရသော လူကြိုက်များသည့် ကစားနည်းအဆင့်သို့ ရောက်နေပေပြီ။

### ကြက်ဖခွပ်နည်း

ကျေးလက်နေ ကျောင်းသူမိန်းကလေးများသာ ကစားနည်းဖြစ်သော်လည်း ယခုအခါ မြို့ကြီးပြကြီးရှိ ကျောင်းသူကလေးများပါ ကစားလာကြသည်ကို တွေ့မြင်ကြရပါသည်။ ပြိုင်ပွဲတွင် ကစားသူနှစ်ဦးသည် ထဘီလုံအောင်မြဲအောင်ဝတ်၍ ကြက်ဖကဲ့သို့ ခြေရောလက်ပါ အချက်ကျကျ ခွပ်ကြရပါသည်။ အချိန်ကြာကြာ ခွပ်နိုင်သူက အနိုင်ရပါသည်။ ပြိုင်ပွဲမစမီ ပွဲကြည့်ပရိသတ်က 'ကြက်ဖတိန်ညင် တောကိုဝင်၊ မောင်ရင်လာ လေးနဲ့ပစ်၊ မပစ်ပါနဲ့မောင်ရင်ရယ် ကြက်တက်စူးလို့ သေပါ့မယ်၊ ဘယ်ဘက်ကစူးစူး၊ ညာဘက်ကစူးစူး၊ ခွပ်လိုက်ကြစို့သူငယ်ချင်း၊ အောက်အီးအီးအွတ်' ဟူ၍ နှစ်ဖက်အချီအချ သံပြိုင်ဆို၍ အားပေးမှ စတင်ခွပ်ကြရပါသည်။ နိုင်သည့်ဘက်က 'ငါတို့ကြက်ဖ နိုင်နိုင် ရွှေဖလားနဲ့ကြက်သားကိုင်' သီချင်းကို သီဆိုကြပါသည်။

### ရွှေစွန်ညိုကစားနည်း

ကျေးလက်နေ ကျောင်းသူမိန်းကလေးများ အများဆုံးကစားကြပါသည်။ ထိုကစားနည်းတွင် ရွှေစွန်ညိုတစ်ယောက်နှင့် ခုနစ်ယောက်၊ ရှစ်ယောက်လောက် မိန်းကလေးများ ကြီးစဉ်ငယ်လိုက်တန်းစီကာ ကစားကြရပါသည်။ ရွှေစွန်ညိုမှ ဝဲဟန်ပြကာ၊ စီတန်းထားသော မိန်ကလေးများမှ တစ်ယောက်အကျီတစ်ယောက်ဆွဲကာ 'ရွှေစွန်ညို ဘာကိုလိုလို့ဝဲပါတယ်'လို့ မေးသောအခါ ရွှေစွန်ညိုလုပ်သူမှ 'မထွေးလိုလို့ဝဲပါတယ်'ဟု ပြောသောအခါ မိန်းကလေးအုပ်စုမှ 'မထွေးအသားခါးလှတယ်'ဟု ပြန်ပြောကြသည်။ ထိုအခါ ရွှေစွန်ညိုမှ 'ချောင်းငယ်ရေနှင့် ဆေးပါ့မယ်'ဟု ပြန်ပြောပါသည်။ 'မထွေးမပါ၊ တို့ချည်းလာ'ဟု ဆိုသည့်အခါ ရွှေစွန်ညိုက 'ပါပါရဲ့သား နောက်ကထား'ဟု ဆိုရသည်။ အဖွဲ့က 'ချောင်းငယ်ရေချမ်း နွေမှာခန်း'ဟု ဆိုပြန်ရာ၊ ရွှေစွန်ညိုက 'မြစ်ငယ်ရေနဲ့ ဆေးပါ့မယ်'ဟု ဆိုရသည်။ အဖွဲ့က 'မြစ်ငယ်ရေချမ်း နွေမှာခန်း'ဟု အော်သည့်အခါ ရွှေစွန်ညိုက 'ပင်လယ်ရေနဲ့ ဆေးပါ့မယ်' ဟု ဆိုရသည်။ ထိုအခါ အဖွဲ့က 'ပင်လယ်ရေချမ်း နွေမှာခန်း'ဟုဆိုပြန်ရာ ရွှေစွန်ညိုက 'ပင်လယ်ရေ ဘယ်မခန်း မထွေးအမိဖမ်း'ဟု ပြန်ပြောသောအခါ နောက်ဆုံးမှာရှိသော မထွေးလေးအား လိုက်ဖမ်းပါသည်။ အုပ်စုခေါင်းဆောင်မှ လက်ဖြင့်ဆွဲကာ ကာကွယ်ပေးပါသည်။ မထွေးလေးအဖမ်းခံရမှသာ အရှုံးပေးကြရသော ကစားနည်းဖြစ်၍ ပျော်စရာကောင်းလှပါသည်။

ကျေးလက်နေကျောင်းသားအရွယ်ကလေးငယ်များသည် မြန်မာ့ဓလေ့ကစားနည်းများကို ခုံခုံမင်မင် နှစ်သက်ကြသည်။ ကစားနည်းမျိုးစုံဖြင့် ပျော်ရွှင်စွာကစားရသော ကျောင်းသား၊ ကျောင်းသူများသည် စာသင်ကြားရာတွင်ပို၍ ဉာဏ်ရွှင်စေပါသည်။ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေသည်။ ကျောင်းတက်မပျင်းဘဲ စာသင်ကြားရေးတွင် ပိုမိုစိတ်ဝင်စားခြင်း သူငယ်ချင်းအပေါင်းအသင်းများနှင့် ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိသဖြင့် ရိုးရာဓလေ့မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါကြောင်း ရေးသားအပ်ပါသည်။

**ရွှေလဲ့(တံတားဦး)**

## ကျေးရွာပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီ ပိဿာ ၃၃၀ ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ စားဝတ်နေရေးအထောက်အကူဖြစ်စေရန်အတွက် စားအုန်းဆီများကို ရပ်ကွက်၊ ကျေးရွာများ၊ ဦးစီးဌာနများနှင့် စက်ရုံအလုပ်ရုံများတွင် စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ ယမန်နေ့က မဥ္စူခြံကျေးရွာပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီ ပိဿာ ၃၃၀ လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။ **(အောက်ဝဲပုံ)**



ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာ၌ ပြည်သူများဝယ်ယူရာတွင် လွယ်ကူရေး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်စာအုပ်တစ်အုပ် ပြုလုပ်ပေးထားပြီး ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် တစ်ပိဿာလျှင် ငွေကျပ် ၇၇၂၀ နှုန်းဖြင့် နေလသုခ(၂) စားသုံးဆီလက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။ (၄၈၅)

## တိရစ္ဆာန်နှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းသုံးပစ္စည်း ရောင်းချသည့်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် Online စနစ်ဖြင့် ရောင်းချလျက်ရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချသည့်ဆိုင်များအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။



စားသုံးသူရေးရာ ဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့်ဝန်ထမ်းများသည် မိတ္ထီလာမြို့နယ်၊ အောင်ဇေယျာ(၁၆)ရပ်ကွက်ရှိ ပင်ကီ တိရစ္ဆာန်နှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချသည့်ဆိုင်သို့ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးက Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အချက်အလက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရောင်းချသော ပစ္စည်းများတွင် မြန်မာဘာသာဖြင့် ကုန်ပစ္စည်းအညွှန်းအမှတ်သား ပြည့်စုံစွာ ပါဝင်ခြင်း ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအဖြစ် သတ်မှတ်ထားကြောင်းနှင့် အခြားသိကောင်းစရာများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၆၉)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Ha Jung Woo နှင့် မင်းသားကြီးများစွာ ပါဝင်ထားသည့် အက်ရှင်မှုခင်းဇာတ်ကား လူကြိုက်များ



ဝါရင့်အနုပညာရှင်မင်းသားကြီးများစွာနှင့်အတူ ဟာဂျောင်ဝူး ပါဝင်ထားသည့် အက်ရှင်မှုခင်းဇာတ်ကား လူကြိုက်များ အားပေးမှုများစွာ ရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်ရှင်မှုခင်းဇာတ်ကားတွင် ပဟေဠိဆန်ဆန်အဖြေရှာစရာများနှင့် တင်ဆက်ထားရာ ယခင်ဂန်းစတားတစ်ဦးဖြစ်ခဲ့ပြီး လက်ရှိဆောက်လုပ်ရေးလုပ်သား လုပ်ကိုင်နေရာမှ ညီဖြစ်သူ ဖုန်းဆက်သည်ကို မကိုင်လိုက်ဘဲ ရက်အနည်းငယ်ကြာမှ သွေးအလိမ်းလိမ်းနှင့် ညီ၏အလောင်းကို တွေ့ရပြီး အတူနေသူပါ ပျောက်ဆုံးနေသည်။

ညီဖြစ်သူ၏အမှုကို သဲလွန်စ စုံစမ်းရင်း စာရေးဆရာတစ်ဦး၏ ရောင်းအားအကောင်းဆုံး ညခရီးဆိုသည့်ဝတ္ထုနှင့် ဆက်စပ်နေ၍ ရေဆုံးရေဖျားထိ လိုက်လံရှာဖွေဖော်ထုတ်ခဲ့သည်။ (SKY)



## ကောင်းစွာအိပ်စက်ခြင်းက စိတ်ဖောက်ပြန်မှု ဖြစ်နိုင်ခြေကို လျှော့ချနိုင်

လူ့ဦးနှောက်တွင် ကိုယ်ပိုင်အညစ်အကြေးဖယ်ရှားရေးစနစ်တစ်ခုရှိပြီး ၎င်းကို ဂလင်ဖက်တစ်စနစ်ဟုခေါ်သည်။ ယင်းစနစ်သည် အိပ်စက်နေစဉ်အတွင်း ပိုမိုအလုပ် လုပ်သည်ဟု ယုံကြည်ရသည်။

အိပ်စက်မှုပုံစံ မမှန်ကန်သောအခါ အညစ်အကြေးဖယ်ရှားသည့် လုပ်ငန်းစဉ်ကို ထိခိုက်နိုင်ပြီး ဦးနှောက်အတွင်းမှ အဆိပ်အတောက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ဖယ်ရှားခြင်းသည် နှေးကွေးသွားနိုင်ကြောင်း အမေရိကန်သုတေသီများ လေ့လာတွေ့ရှိထားသည်။

ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အားလုံးသည် စွန့်ပစ်ပစ္စည်းများကို ထုတ်လုပ်ကြရာ ဦးနှောက်အပြင်ဘက်တွင် သွေးကြောကွန်ရက်တစ်ခုမှတစ်ဆင့် ဆဲလ်များကြားရှိ နေရာလွတ်များမှ သွေးကြောထဲသို့ သယ်ဆောင်ကာ ထိုပစ္စည်းများကို အဆိုပါ လင်ဖက်တစ်စနစ်က ဖယ်ရှားပေးသည်။

ယင်းကဲ့သို့ ဖယ်ရှားပေးခြင်းအားဖြင့် အသက်ကြီးလျှင်ဖြစ်လေ့ရှိသော စိတ်ဖောက်ပြန်မှုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## အလွတ်စုံထောက်အကြောင်း ရိုက်ကူးထားသော Honey Don't

ဟောလိဝုဒ်အနုပညာရှင်မင်းသမီး မာဂရက်ကွာလေးနှင့် ခရစ္စအိဗန်တို့ အဓိကပါဝင်ထားသည့် Honey Don't မှာ အလွတ်စုံထောက်မလေး အမှုလိုက်ပုံအကြောင်းဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာဂရက်ကွာလေး၏ ရုပ်ပုံနှင့် ကြော်ငြာပိုစတာမှာ ဆွဲဆောင်အားပြင်းခဲ့ပြီး ပရိသတ်စိတ်ဝင်စားခဲ့ရာမှ မင်းသားခရစ်အိမန်၊ အူဘရေပလာဆာတို့ ပါဝင်ထား၍ အားပေးမှုမြင့်မားစွာ ရရှိထားသည်။

ဘာရှတ်ရှီးပြည်နယ် ကာလီဖိုးနီးယား အခြေပြုထားကာ ဘာရှတ်ရှီးတောင်ကြားထဲ ကားတစ်စီးထိုးကျခဲ့ရာမှ အမျိုးသမီးတစ်ဦး ကားထဲမှဆင်းလာပြီး ကားထဲမှ လူ၏လက်စွပ်ကို ချွတ်ယူသွားခဲ့၍ လုပ်ကြံမှုဟု ယူဆကာ အလွတ်စုံထောက်မလေးနှင့်ပတ်သက်နေ၍ လူသတ်မှုစုံထောက်နှင့်ပူးပေါင်းကာ အမှုမှန်ဖော်ထုတ်ခဲ့သည့် ဇာတ်လမ်းဖြစ်သည်။

သဲလွန်စနောက်လိုက်ရင်း တရားခံရှိနိုင်သည့်နေရာမှာ ဘာရှတ်ရှီးမြို့လေး၏ Four-Way Temple ဆိုသည့် နေရာဖြစ်နေ၍ အံ့အားသင့်ဖွယ်ကြုံရပုံကို ရိုက်ကူးထားသည်။ (SKY)





## J Hope @ Jung Hoseok တန်ဖိုးကြီးဇိမ်ခံအိမ်ဝယ်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်(ခေါ်) ဂျောင်ဟိုဆွတ်သည် တန်ဖိုးကြီး ဇိမ်ခံအိမ်ကြီးကို ငွေသားလက်ငင်းပေးချေ၍ ဝယ်ယူခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ တန်ဖိုးကြီးဇိမ်ခံအိမ် Penthouse မှာ သူ၏ သုံးလုံးမြောက်ဝယ်ယူထားသော အိမ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၉ သန်း တန်ဖိုးရှိပြီး ဇွန် ၁၀ ရက်က လက်ငင်းငွေသားနှင့် ပေးချေဝယ်ယူခဲ့ခြင်းဖြစ်သည်။

ကေပေါ့ပ်လောက၏ နံပါတ်(၁) နေရာတွင် ရပ်တည်နေသည့် ဘီတီအက်စ်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်ပြီး တစ်ကိုယ်တော်ဂီတ Hope on the Street, Hope on the World အပြင် ကမ္ဘာလှည့်ဖျော်ဖြေပွဲများနှင့် အောင်မြင်မှုရရှိထားသော ဂျေဟုတ်သည် ကမ္ဘာကျော်အနုပညာရှင်တစ်ဦးအဖြစ် ကျော်ကြားလာခဲ့သည်။ (SKY)

## Margaret Qualley ကို X Men ရုပ်ရှင်သစ်အတွက် ရွေးချယ်ခဲ့




မာဗယ်၏ X Men Reboot ရုပ်ရှင်တွင် မင်းသမီး မာဂရက်ကွာလေးကို ဇာတ်ကောင် Rogue နေရာအတွက် ရွေးချယ်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာဂရက်ကွာလေးမှာ Once Upon a Time in Hollywood, Maid နှင့် The Substance ရုပ်ရှင်များ ပါဝင်၍ နာမည်ကြီးလာသူဖြစ်သည်။ The Dog Star ရုပ်ရှင်တွင်လည်း ပါဝင်ထားသည်။

မာဂရက်ကွာလေးကို The Hot Mic ၏ ဂျက်ဖ်ဆန်ဒီယာက X Men ရုပ်ရှင် Reboot တွင် Rogue ဇာတ်ကောင်အတွက် ရွေးချယ်ထားပြီး ၂၀၂၇ ခုနှစ်၊ ဇူလိုင်လနှင့် နိုဝင်ဘာလတွင် ရုံတင်မည်ဟု ကြေညာထားသည်။

ယင်းရိုက်ကူးရေးကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ပြီး အခြားသရုပ်ဆောင်များ ပါဝင်မှုကိုလည်း ပရိသတ်စိတ်ဝင်စားနေကြသည်။ (SKY)

## Seri Lela ၏ အချစ်ရေးသတင်းထွက်ပေါ်လာ

အိန္ဒိယတောင်ပိုင်း မင်းသမီးချော စရီးလီလာ၏ အချစ်ရေးသတင်းထွက်ပေါ်လာ၍ ပရိသတ်များ စိတ်ဝင်စားမှုမြင့်မားခဲ့ကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မျိုးဆက်သစ်အနုပညာရှင်များတွင် တောက်ပသော ကြယ်တစ်ပွင့်ဖြစ်လာသည့် စရီးလီလာသည် သူနှင့်အတူ တွဲ၍ သရုပ်ဆောင်ခဲ့သည့် နာမည်ကြီးမင်းသား ကားရ်တစ်၏ မိသားစုပွဲတွင် အတူပါဝင်ခဲ့သောကြောင့် ပရိသတ်များကြား စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ကြသည်။

စရီးလီလာသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၌ ကျင်းပခဲ့သည့် ကားရ်တစ်၏ မိသားစုအိမ်တွင် ကျင်းပသည့် ဘုရားပူဇော်ပွဲကို တက်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း မိသားစုပွဲတွင် အတူပါဝင်ခဲ့၍ ပရိသတ်ကြား ချစ်သူများအဖြစ် သတ်မှတ်ခံခဲ့ရသည်။

မင်းသားကားရ်တစ်မှာ တစ်ကားရိုက် တစ်ကား မင်းသမီးများနှင့် ချစ်သူဖြစ်ခဲ့ရာမှ စရီးလီလာနှင့်ပါတွဲနေ၍ ရှေ့တွင် ဆာရာ၊ ဂျန်ဗီး၊ အနန်ယားတို့နှင့်လည်း တွဲခဲ့သူဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒီပါဝလီနေ့တွင် ကားရ်တစ်နှင့် စရီးလီလာတို့ ဇာတ်ကားသစ်ထွက်ရှိမည်ဖြစ်သည်။ (SKY)



## လက်ရှိ သရုပ်ဆောင်များကြား၌ Song Zu Er ရေပန်းစား



တရုတ်အနုပညာရှင် ဆောင်ဇူအာသည် လက်ရှိတရုတ်အနုပညာရှင်များကြား၌ ရေပန်းစားသော အနုပညာရှင်တစ်ဦးအဖြစ် တောက်ပစွာ ပေါ်ထွက်လာကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်ဇူအာ၏ အမည်ရင်းမှာ ဆန်ဖိန်ဂျင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်၊ မေ ၂၃ ရက်ဖွားဖြစ်၍ လက်ရှိ အသက် ၂၇ နှစ်နှင့် အနုပညာရှင်များကြား တောက်ပနေကာ ရာဇဝင်ဇာတ်ကားများနှင့် ခေတ်ပေါ်ဇာတ်ကားများစွာ ရိုက်ကူးထားသည်။

တရုတ်အနုပညာရှင်များဖြစ်ကြသည့် လျူယူနင်း၊ ယွမ်ဘင်းယန်၊ ကျန်ရူရှီ၊ ဒင်းယူရှီး၊ ဒေါင်းဝိန်၊ ဒီလီရီဘာဒီမူရတ်၊ ယောင်ဇီ၊ ဂျူဂျင်းရီ၊ ဂူလီနာရှာ၊ ကျန်းလင်ဟီး၊ ဝမ်ဟီဒီတို့နှင့်အပြိုင် အနုပညာလောကတွင် သရုပ်ဆောင်အဖြစ် ကျော်ကြားမှုများစွာကို ပိုင်ဆိုင်ထားသည်။ (SKY)

# တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်းအရေအတွက် ၄ ဒသမ ၆၅ သန်းနီးပါးရှိလာ

**ပေကျင်း စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်း အရေအတွက်မှာ ဩဂုတ်လကုန်တွင် ၄ ဒသမ ၆၅ သန်းနီးပါး ကို ရောက်ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်က ဖော်ပြသော တရားဝင်အချက်အလက်များကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အရေအတွက်သည် တစ်နိုင်ငံလုံးရှိ မိုဘိုင်းအခြေစိုက်စခန်း စုစုပေါင်း၏ ၃၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံတွင် 5G ဝန်ဆောင်မှုကို အသုံးပြုသော မိုဘိုင်းသုံးစွဲသူ အရေအတွက်မှာ မြင့်တက်လာလျက်ရှိသည်။



ဩဂုတ်လကုန်ပိုင်း အထိ တရုတ်နိုင်ငံ၏ အဓိကဆက်သွယ်ရေးလုပ်ငန်းကြီးသုံးခုနှင့် China Broadnet ၏ မိုဘိုင်းဖုန်းသုံးစွဲသူအရေအတွက်မှာ ၁ ဒသမ ၈၂ ဘီလီယံခန့်ရှိလာကြောင်း အချက်အလက်များအရ သိရသည်။ ၎င်းတို့အနက် 5G မိုဘိုင်းဖုန်းသုံးစွဲသူ ၁ ဒသမ ၁၅ ဘီလီယံကျော်ရှိကြောင်း၊ ယင်းမှာ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကထက် သန်း ၁၄၀ တိုးလာကြောင်းနှင့် မိုဘိုင်းဖုန်းသုံးစွဲသူ စုစုပေါင်း၏ ၆၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကမ္ဘာလုံးဆိုင်ရာ စတော့ရှယ်ယာအညွှန်းကိန်း သုံးရက်ဆက်တိုက်စံချိန်တင်၊ ရွှေဈေးနှုန်းများ မြင့်တက်ပြီး အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်း

**ဝါရှင်တန် စက်တင်ဘာ ၂၃**

စက်တင်ဘာ ၂၃ ရက်တွင် အမေရိကန်နည်းပညာကုမ္ပဏီအချို့က ဦးဆောင်ခဲ့သဖြင့် ကမ္ဘာလုံးဆိုင်ရာ စတော့ရှယ်ယာအညွှန်းကိန်းသည် သုံးရက်ဆက်တိုက် စံချိန်တင်မြင့်တက်ခဲ့ရာ ရွှေဈေးနှုန်းများလည်း စံချိန်တင် မြင့်တက်ခဲ့သလို ဒေါ်လာတန်ဖိုးလည်း ကျဆင်းခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ် အရာရှိများ၏ အနာဂတ်အတိုးနှုန်းလျှော့ချရေးဆိုင်ရာ ကွဲပြားသော သတင်းအချက်အလက်များအပြင် အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်က သောကြာနေ့တွင် အမေရိကန်ကုမ္ပဏီများဘက်မှ အလုပ်သမားဗီဇာအသစ်အတွက် ဒေါ်လာ တစ်သိန်းပေးဆောင်ရမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အမေရိကန်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နောက်ဆုံးရသတင်းများကိုပါ စဉ်းစားသုံးသပ်နေကြသည်။

ဝေါလ်စထရိ စတော့ဈေးကွက်ညွှန်းကိန်းများသည် ပြီးခဲ့သည့် သီတင်းပတ်ကတည်းက စံချိန်တင်မြင့်တက်ခဲ့သည့်အရှိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ပြီး သုံးရက်ဆက်တိုက် စံချိန်တင် ပိတ်သိမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။

နဗီဒီယာကုမ္ပဏီက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံမည်ဟု ကြေညာခဲ့ခြင်းနှင့် ပန်းသီးကုမ္ပဏီ၏ နောက်ဆုံးပေါ်အိုင်ဖုန်းကို ဝယ်လိုအားများပြားနေသည်ဟု သုံးသပ်သူများက ပြောဆိုခဲ့သောကြောင့် အဆိုပါ အကျိုးအမြတ်အများစု ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon




## လျော်ကြေးအဖြစ် ဒေါ်လာ ၁ ဘီလီယံ ပေးဆောင်ရန်ကိစ္စ အိတ်ဗ်ခ်စ်ပရက်စ်ပီးဒါးစ်ရေကြောင်းကုမ္ပဏီက ငြင်းဆန်မည်

**စင်ကာပူ စက်တင်ဘာ ၂၃**

သီရိလင်္ကာနိုင်ငံ၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုကို ဖြစ်ပေါ်စေခဲ့သည့်အတွက် သီရိလင်္ကာတရားရုံး၏ အမိန့်အရ လျော်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ပေးဆောင်ရန်ကိစ္စကို စင်ကာပူအခြေစိုက် အိတ်ဗ်ခ်စ်ပရက်စ်ဖီးဒါးစ်ရေကြောင်း ကုမ္ပဏီက ငြင်းဆန်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လျော်ကြေးပေးဆောင်ပါက ကမ္ဘာ့ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအပေါ် ကျယ်ပြန့်သော သက်ရောက်မှုများရှိမည်ဖြစ်ပြီး "အန္တရာယ်ရှိသော ရှေ့ပြေးနမူနာတစ်ခုကို ဖြစ်ပေါ်စေလိမ့်မည်"ဟု ၎င်းက ယုံကြည်ကြောင်း ထိုကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က သီးသန့်တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ရှင်းလင်းပြောကြားသည်။




အဆိုပါကုမ္ပဏီသည် ၂၀၂၁ ခုနှစ်၊ မေလက ကိုလံဘိုဆိပ်ကမ်းအနီးတွင် နိုက်ထရစ်အက်ဆစ် ယိုစိမ့်မှုကြောင့်ဟု ယူဆရသည့် မီးလောင်မှုဖြစ်ပွားပြီး နှစ်ပတ်နီးပါးအကြာတွင် နစ်မြုပ်သွားခဲ့သည့် အမ်ဗွီအိတ်ဗ်ခ်စ်ပရက်စ်ပါးလ် သင်္ဘောနှင့်ပတ်သက်၍ လျော်ကြေးတောင်းခံခဲ့ရခြင်းဖြစ်သည်။

ဇူလိုင်လက သီရိလင်္ကာနိုင်ငံ၏ တရားရုံးချုပ်သည် အဆိုပါကုမ္ပဏီအား "အစောပိုင်း" ပျက်စီးဆုံးရှုံးမှုအဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို တစ်နှစ်အတွင်း ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပြီး ပထမအရစ်ဖြစ်သည့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို စက်တင်ဘာ ၂၃ ရက်တွင် ပေးဆောင်ရန်လည်း အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **Mon**

## ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေ၊ ကြိုတင်မကာကွယ်လျှင် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားလာနိုင်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် လတ်တလော ကြိုတင်ကာကွယ်မှုများ မလုပ်ပါက ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားမှု အပါအဝင် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များရှိသည်ဟု ကျန်းမာရေးကျွမ်းကျင်သူများက သတိပေးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ဇွန်လကုန်ပိုင်းကတည်းက ပုံမှန်ထက်ပိုမိုသည့် မုတ်သုံမိုးကြောင့် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများသည် ပါကစ္စတန်နိုင်ငံရှိ လူပေါင်း ၆ သန်းကျော်ကို ထိခိုက်ခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများအပြင် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ပြီး နေအိမ် ၁၂၅၀၀ ကျော် ပျက်စီးကာ အိမ်မွေးတိရစ္ဆာန် ၆၅၀၀ ဆုံးရှုံးခဲ့သည်ဟု ပါကစ္စတန်အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က အတည်ပြုသည်။

ကာလဝမ်းရောဂါသည် ရောဂါပိုးရှိသော အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်သော ဘက်တီးရီးယားပိုး ကူးစက်မှုတစ်ခုဖြစ်သည်။

ယင်းကူးစက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ အော့အန်ခြင်းနှင့် ကြွက်တက်ခြင်းတို့ကို ဖြစ်စေနိုင်သည်။ ရေဓာတ်ခန်းခြောက်မှု သက်သာစေရန် သို့မဟုတ် ပဋိဇီဝဆေးများဖြင့် ကုသပါက အသက်ကို ကယ်တင်နိုင်သော်လည်း ကုသမှုမရှိပါက နာရီပိုင်းအတွင်း သေဆုံးနိုင်ကြောင်း သိရသည်။ **Mon**

## အင်အားကြီးတိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဝင်ရောက်လာမည်ဖြစ်သဖြင့် တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေ

**ပေကျင်း စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ ဟောင်ကောင် ကျွန်းသို့ အင်အားကြီးတိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဝင်ရောက်လာမည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်နေပြီး မကြာသေးမီက သမိုင်းတွင် အကြီးမားဆုံးသော ဖျက်ဆီးခဲ့သည့် မုန်တိုင်းအချို့နှင့် နှိုင်းယှဉ်နိုင်သော "ကြီးမားသည့် ခြိမ်းခြောက်မှု" ရှိလိမ့်မည်ဟု အာဏာပိုင်များက စက်တင်ဘာ ၂၃ ရက်တွင် သတိပေးထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




STOP AIDS

ဟောင်ကောင် မိုးလေဝသဌာန၏ အဆိုအရ ရာဂါဆာမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်နေစဉ် ဗဟိုချက်အနီးတွင် အမြင့်ဆုံး လေတိုက်နှုန်း တစ်နာရီလျှင် ၂၂၀ ကီလိုမီတာရှိပြီး ယင်းမတိုင်မီက ဖိလစ်ပိုင်နိုင်ငံ၏ အစိတ်အပိုင်းအချို့ကို ရိုက်ခတ်ခဲ့သည်။

ဘဏ္ဍာရေးဗဟိုဌာနက ကျယ်ပြန့်သော ထိခိုက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြင်ဆင်နေပြီး အနီးနားရှိ တရုတ်နည်းပညာဗဟိုဌာနဖြစ်သော ရှန်ကျန်းမြို့တွင်မူ လူပေါင်း ၄၀၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သက်ဆိုင်ရာက အမိန့်ပေးခဲ့သည်။

အိမ်တစ်လုံးလျှင် ဒေါ်လာ သန်းပေါင်း ရာနှင့်ချီ၍ ပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးစေခဲ့သော ၂၀၁၇ ခုနှစ် ဟာတိုနှင့် ၂၀၁၈ ခုနှစ် မန်ဟတ်ခုပါမုန်တိုင်းများကို ရည်ညွှန်းပြီး "ရာဂါဆာသည် ဟောင်ကောင်အတွက် ကြီးမားသည့် ခြိမ်းခြောက်မှုကို ဖြစ်စေနိုင်ပြီး ဟာတိုနှင့် မန်ဟတ်မုန်တိုင်းများ၏ အဆင့်သို့ ရောက်ရှိနိုင်သည်" ဟု ဟောင်ကောင်၏ ဒုတိယအုပ်ချုပ်ရေးမှူး အဲချန်းရစ်က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး (Compaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိုလ်သနိုးမြေ)**

*-*-*-*-*-*-*



## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက တလုပ်ပင်ကျေးရွာအုပ်စု၊ တလုပ်ပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နံရံကပ် စာစောင်နှင့် ဓာတ်ပုံများပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မဟာအောင်မြေမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီက မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ ၄၂လမ်းနှင့် ၄၃လမ်းကြားနေ --------၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် --------အား အမှတ်(၉)မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

မဆင်မခြင်
မောင်းနှင်မှု
အသက်ပေါင်း
များစွာ
အန္တရာယ်ပြု ။

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ



**မိုးကောင်း စက်တင်ဘာ ၂၃**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက်က ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မိုးကောင်းမြို့နယ်၊ အောင်သာကျေးရွာနေ ----------- အားလည်းကောင်း၊ အလားတူ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်နေ ----------၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာနေ -----------၊ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်ထိုမြို့နယ်၊ ပျဉ်းမစခန်းကျေးရွာနေ ခင်သစ်(၄၁)နှစ်နှင့် သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သံဖြူဇရပ်မြို့နယ်နေ ------- နှစ်တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ------------ သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး အပါအဝင် ဆက်စပ်ပစ္စည်းခုနစ်မျိုးကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၂၆ တန်၊ သစ်မာ ၂ ဒသမ ၆၃၉ တန်၊ အခြားသစ် ၅ ဒသမ ၄၃၅ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက် ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော် နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ မှ အဖွဲ့ဝင်ငါးဦးသည် ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာ ကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် အတင်း အဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်း ဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်း စွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ် ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသည့် ရန်ကုန်တိုင်းဒေသကြီး တောင် ဥက္ကလာပမြို့နယ်၊ အရှေ့ဒဂုံမြို့နယ်၊ မြောက်ဒဂုံ မြို့နယ်၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့တို့မှ PDF အမည်ခံ အဖွဲ့ဝင် အမျိုးသားငါးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မကွေး မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြ သည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မ များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်း သူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး (ဓာတ်ပုံ) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေ သေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါ က ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှု များ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Than Naing Htwe (@than-nainghtwe41)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာနေ သန်းနိုင်ထွေးအား ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားရှစ်ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း ၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော် သလေး(KK Park) နှင့် ကျောက် ခတ်နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံ သား သုံးဦး၊ အီသီယိုးပီးယား နိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား နှစ်ဦးနှင့် ကင်မရွန်းနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှု နှင့် နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေး နှင့် အဆင်ပြေချောမွေ့စေရေး အတွက် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူ များက ယနေ့နံနက်ပိုင်းတွင် ဌာန ဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ အား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နှင့်လွှဲပြောင်း ပေးအပ်ပွဲကို ဆက်လက်ကျင်းပ ခဲ့ရာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိ သူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါ နိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ အီသီယိုး ပီးယားနိုင်ငံသံရုံးနှင့် ကင်မရွန်း နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စား လှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ မှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံ သို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက် စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။(အပေါ်ပုံ)

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံ သား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်း ပေးရန် အသင့်ဖြစ်နေပြီဖြစ် ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန် စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

### ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများ တွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုး ကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံ ရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန် ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရအရေးယူခံရနိုင်ပါသည်။



## ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မကွေး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသတွင်းအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေမိသားစု များ ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းနှင့်စပ်လျဉ်းသည်တို့ကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး နှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသူ ၁၅ ဦးအား တစ်ဦး လျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူပြီး သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီး ပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်း ၂၁ ခု ဆောင်ရွက်၍ သင်တန်း များပေးခြင်း၊ ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများ ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(ပြန်ဆက်)**

၀-၀-၀-၀-၀

## လျှပ်စစ်အသိ၊ လျှပ်စစ်သတိအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ရပ်စောက် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိမ်းသိမ်းရေးကော်မတီမှ လျှပ်စစ်အသိ၊ လျှပ်စစ်သတိ အကြောင်း အသိပညာပေးဆွေးနွေး ပွဲ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ဆွေးနွေးပွဲတွင် ရပ်စောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ယွန်းလဲ့သန္တာအောင်က လျှပ်စစ်အသိ၊ လျှပ်စစ်သတိနှင့် ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်အချက်များကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ခြောက်ဆွဲထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက် လမ်း၊ တံတားလုပ်ငန်းများ၏ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေအား ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ်၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ် ဆေးခဲ့ကြသည်။

အဆိုပါကျေးလက် လမ်း၊ တံတားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာအကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။ (ယာပုံ)



**အောင်ရဲကျော်**

## အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ(ဗိုင်နယ်)ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပင်လုံ စက်တင်ဘာ ၂၃**



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ မိုးရာသီဖလား၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပင်လုံမြို့ အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲ(ဖိုင်နယ်)ပွဲစဉ်တွင် Best Friendအသင်းနှင့် Tean Flash တို့ ယှဉ်ပြိုင်ကစားခဲ့ရာ Best Friend ဘောလုံးအသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ရာ ဆုရအသင်းများက ကွင်းအတွင်း နေရာယူကြပြီး အကောင်းဆုံးအားကစားဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုများကို ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းဇော်အောင်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအဖွဲ့ နာယက ဦးခင်မောင်မြင့်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ပြီး တတိယဆုရရှိသော အသင်းအား စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဒုတိယဆုရရှိသောအသင်းအား ပင်လုံနယ်မြေစခန်းမှူးတို့ကလည်းကောင်း၊ ဒုတိယဆုရရှိသော အသင်းနှင့် ပထမဆုရရှိသော အသင်းတို့မှ တစ်ဦးချင်း ဆုတံဆိပ်ကို ပင်လုံမြို့ လဝကဦးစီးမှူးဦးထွန်းမိုးအောင်နှင့် ပင်လုံမြို့ မြို့မိ၊ မြို့ဖ ဦးခွန်မောင်လှတို့ကလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ပြီး ပင်လုံမြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်ပိုင်ဖြိုးက ပထမဆုရရှိသော Best Friend အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့သည်။

(အပေါ်ပုံ)

ထို့နောက် ပထမဆုရရှိသော ဘောလုံးအသင်းအား ဘောလုံးပရိသတ်တစ်ဦးဖြစ်သည့် ဒေါ်သီသီဟန်က ငွေသားဆု ငွေကျပ် သုံးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသား အားကစားပွဲတော်၌ ဆုရကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ



**တာချီလိတ် စက်တင်ဘာ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသား အားကစားပွဲတော်၌ ပြည်နယ်အဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းက တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုန်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းလှိုင်က ကျောင်းသားအားကစားပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ဘောလုံး၊ ဘော်လီဘော၊ ခြင်းခတ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်နှင့် တစ်ဦးချင်းပြိုင်ပွဲတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တာချီလိတ်မြို့ရှိ ကျောင်းသား၊ ကျောင်းသူများက ပထမဆု ၈၃ ဆု၊ ဒုတိယဆု ၂၇ ဆု၊ တတိယဆု သုံးဆု၊ စုစုပေါင်း ၁၁၃ ဆုတို့ကို ထူးချွန်စွာ ဆွတ်ခူးရရှိခဲ့သဖြင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် အစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ လုပ်ငန်းထူထောင်မည့်သူသုံးဦးအား လုပ်ငန်းသုံးပစ္စည်းများ၊ ကုန်ချောပစ္စည်းများ ပေးအပ်သည်။ ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတို့က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများ၊ လူသုံးကုန်လုပ်ငန်းသုံးဓာတုပစ္စည်းများ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ Body Scrub၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာခရင်မ်၊ ဖယောင်းတိုင်၊ ပရုတ်ဆီ၊ လျှော်မွှေးဆီ၊ Hand Gel၊ Hand Spray စသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**တပ်ကုန်း စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါပညာပေးဆွေးနွေးရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းဆိုင်ဟိန်းက အခွန်နှင့်ပတ်သက်၍ သိရှိရမည့်ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးစီးအရာရှိက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ




## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာလ ၂၃**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်ရှိ လင်းလက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ လင်းလက်တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဦးတင်ထွန်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို) အတွင်းရေးမှူး ဦးမြင့်သန်း၊ ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦး၊ ဗဟိုဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်သင်းသင်းဦး၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ ဦးမြင့်သန်းက မူးယစ်ဆေးဝါး အမျိုးအစားအကြောင်းကို လည်းကောင်း၊ ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို လည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် ဒေါ်သင်းသင်းဦးက ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း မေးခွန်းများကို မေးမြန်းရာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၀၉၃)

## စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ ခေတ်မီစံပြကျေးရွာ (Smart Village)တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ထန်းသုံးပင်ခေတ်မီစံပြကျေးရွာမမှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အဆိုပါဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်က စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာချမ်းမြေ့ကျော်က မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များ ပေါင်ပုပ်၊ လက်ပုပ်၊ ခွာနာ၊ လျှာနာရောဂါ ကာကွယ်စောင့်ရှောက်ရေးနှင့် ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ အသိပညာများ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲတွင် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းကြောင့် ထန်းသုံးပင်ကျေးရွာအနေဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကျေးရွာနေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနေပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(၀၄၀)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

### ယာဉ်မောင်းသူများ လိုက်နာရန်

- ❋ မြို့တွင်းတစ်နာရီ (၄၈)ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- ❋ အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
- ❋ ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- ❋ (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)Mobile Clinic အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့် ရပ်ကွက်နှင့် ကျေးရွာများနှင့် ငလျင်ယာယီကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀ နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန် ငွေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) Mobile Clinic မှ ဒေါက်တာရန်နိုင်မိုး၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်း၊ စိတ်ကျန်းမာရေးဆရာဝန်ကြီးဒေါက်တာချို့နွယ်ဇင်နှင့် အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်၊ စကျင်ဝကျေးရွာတွင် ငလျင်ဘေးသင့်ပြည်သူအမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၄၈ ဦး၊ ကလေးကိုး ဦး၊ စုစုပေါင်း ၈၂ ဦး တို့ကို သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်းများ ဆောင်ရွက်ပေး၍ ဆေးကုသပေးခဲ့ကာ ဆေးများ အခမဲ့ပေးအပ်ခဲ့ပြီး ရပ်မိရပ်ဖ ဆရာဦးသိန်းဝင်းအောင်က ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## နှုတ်ခမ်းသားနူးညံ့စေဖို့ သကြားနဲ့ပေါင်းတင်နည်း

နှုတ်ခမ်းသားနူးညံ့ပြီး ဖူးဖူးလေးဖြစ်နေဖို့အတွက်ဆိုရင် သေချာလေးဂရုစိုက်ပေးဖို့ လိုအပ်ပါတယ်။ နှုတ်ခမ်းနီတွေ အမြဲဆိုးတာကြောင့် နှုတ်ခမ်းသားညိုပြီး နှုတ်ခမ်းသား ခြောက်သွေ့၊ အက်ကွဲနေတာတွေကို သက်သာစေရန်အတွက် နှုတ်ခမ်းပေါ်က ဆဲလ်အဟောင်းတွေ ဖယ်ရှားပြီး အာဟာရ ဖြည့်ပေးရပါမယ်။နှုတ်ခမ်းသားပေါင်းတင်တဲ့ Lip mask, Lip oil, Lip scrub တွေကို အသုံးပြုပေးနိုင်သလို အိမ်မှာပဲ သကြားအသုံးပြုပြီး အလွယ်တကူပြုလုပ်နိုင်ပါတယ်။ သကြားအသုံးပြုပြီး နှုတ်ခမ်းပေါ်က ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး နှုတ်ခမ်းသားကို နူးညံ့ချောမွေ့စေပါတယ်။



ပါဝင်ပစ္စည်းတွေကတော့ သကြား(လက်ဖက်ရည်ဇွန်းတစ်ဇွန်း)၊အုန်းဆီ(သို့မဟုတ်)သံလွင်ဆီ (လက်ဖက်ရည်ဇွန်း တစ်ဇွန်း နှစ်ဇွန်း)တို့လိုအပ်ပါတယ်။ အရင်ဆုံး ခွက်တစ်ခုထဲမှာ သကြားနဲ့ဆီကို ရောမွှေပါ။ ရရှိလာတဲ့ အရောအနှောကို နှုတ်ခမ်းပေါ်မှာ စက်ဝိုင်းပုံစံ တစ်မိနစ်၊ နှစ်မိနစ်ခန့် ပွတ်တိုက်ပြီးနောက် ရေနဲ့ ဆေးချလိုက်ရင် နှုတ်ခမ်းသားနူးညံ့နေစေမှာပါ။ နှုတ်ခမ်းသားမခြောက်ဘဲ အိအိစိုစိုလေးဖြစ်နေရန်အတွက် နှုတ်ခမ်းသားအားဖြည့်ဆီ (Lip oil) ကို ဆိုးပေးရပါမယ်။ အခုပြောသွားတဲ့နည်းလမ်းက လွယ်ကူရိုးရှင်းပြီး တစ်ပတ်တစ်ခါပုံမှန်လုပ်ပေးမယ်ဆိုရင် နှုတ်ခမ်းသားကို သိသိသာသာနူးညံ့လာစေမှာပါ။

**Daisy**

## အဝလွန်တာကို ချင်းနဲ့ အမြန်ဆုံးလျှော့ချမယ်

ဒီကနေ့ခေတ်မှာ အသင့်စားအစားအစာတွေကို လူတို့ ပိုမိုစားသုံးလာကြပါတယ်။ အဲ့ဒီလို အသင့်စား အစားအစာတွေဟာ အဝလွန်တာ ဖြစ်စေပါတယ်။ အဝလွန်တာဟာ ကမ္ဘာပေါ်က လူတိုင်းလိုလို ကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုပါ။ ဘာလို့လဲဆိုတော့ လေ့ကျင့်ခန်းလုပ်ဖို့ ပျင်းကြတာတွေကြောင့်ပါပဲ။

ဒါပေမဲ့ သဘာဝပစ္စည်းလေးတွေနဲ့ အဝလွန်တာကို တိုက်ဖျက်နိုင်တဲ့အပြင် ကိုယ်အလေးချိန်လျှော့ချလို့ရတော့ စိတ်ပူစရာမလိုတော့ပါဘူး။

**ချင်း**

မြန်မာတို့ရဲ့ အိမ်တိုင်းမှာ တွေ့ရလေ့ရှိတဲ့ ချင်းဟာ အစာချေစနစ်ကို ကောင်းမွန်စေပြီး ကိုယ်အလေးချိန်လျှော့ချရာမှာ အထောက်အကူဖြစ်ပါတယ်။ ဒါ့အပြင် နေ့တိုင်း အစားမစားခင် ချင်းကို တစ်ကိုက်လောက် ကိုက်စားပေးတာ (သို့မဟုတ်) ချင်းဖျော်ရည်လုပ်ပြီး သောက်တာတွေဟာ ကျန်းမာရေးကို အထောက်အကူပြုတဲ့အပြင် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်ပါတယ်။

ချင်းမှုန့် လက်ဖက်ရည်ဇွန်း တစ်ဝက်လောက်ကို ရေနွေးဆူဆူထဲ ထည့်လိုက်ရုံပါပဲ။ ချင်းမှုန့်မရှိရင်လည်း ချင်းကို ပါးပါးလှီးပြီး ရေနွေးဆူဆူနဲ့ ၅ မိနစ်လောက်နှပ်ထားပေးလို့ ရပါတယ်။ အစာမစားခင် ၅ မိနစ်လောက်အလိုမှာ ဖျော်ပေးထားရမှာပါ။

ချင်းကို ဒီအတိုင်းမသောက်ချင်ဘူးဆိုရင်လည်း သံပရိုသီးအရည်အနည်းငယ်နဲ့ ပျားရည်အနည်းငယ်ကို ထည့်ပြီး သောက်သုံးနိုင်ပါတယ်။ ဒါ့အပြင် ကိုယ်စားမယ့် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေထဲမှာ ပူစီနံရွက် (သို့မဟုတ်) အရွက်တစ်မျိုးမျိုးကို အစိမ်းလိုက် ဝါးစားပေးသင့်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ဟင်းထဲမှာထည့်ပြီး စားပေးသင့်ပါတယ်။

အခုလို သဘာဝဖျော်ရည်တွေကို သောက်သုံးပေးတာဟာ ဇီဝဖြစ်စဉ်တွေကို တိုးတက်စေနိုင်ပြီး အဆီတွေကို အလျင်အမြန်လောင်ကျွမ်းသွားစေပါတယ်။ ရေကူးတာ ဒါမှမဟုတ် ပြေးတာ၊ လမ်းလျှောက်တာမျိုးလို တခြားလေ့ကျင့်ခန်းတွေကိုလည်း လုပ်ပေးဖို့ လိုအပ်ပါတယ်။

**Daisy**



## ရိုးရိုးရှင်းရှင်းဖက်ရှင် Accessories များ

ရိုးရှင်းတဲ့ အဝတ်အစားတွေကနေ စတိုင်လ်ကျလှပတဲ့ ဖက်ရှင်ပုံစံကို ဖန်တီးရန်အတွက် Accessories တွေက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ပစ္စည်းအနည်းငယ်နဲ့ ဖက်ရှင်ကို မြှင့်တင်နိုင်တဲ့ နည်းလမ်းတွေအကြောင်း ပြောပြပေးပါမယ်။

**(၁) နာရီ**

လက်ကောက်ဝတ်မှာ နာရီတစ်လုံးဝတ်ဆင်တာက ရိုးရှင်းတဲ့ ဖက်ရှင်ကို ပိုပြီး စမတ်ကျစေပါတယ်။ ရွှေရောင်၊ ငွေရောင် ဒါမှမဟုတ် အညိုရောင်၊ အနက်ရောင် သားရေကြိုးတွေက အဝတ်အစားတိုင်းနဲ့ လိုက်ဖက်ပါတယ်။ ခပ်ပါးပါးနဲ့ ရိုးရှင်းတဲ့ဒီဇိုင်းမျိုးကို ရွေးချယ်တာက ပိုပြီး စတိုင်လ်ကျစေပါတယ်။

**(၂) လွယ်အိတ်**

လွယ်အိတ်တစ်လုံးက သင့်ဖက်ရှင်ကို ရိုးရှင်းပေမယ့် ပြည့်စုံသွားစေပါတယ်။ Tote Bag (ပစ္စည်းအများကြီး ထည့်လို့ရတဲ့ အိတ်ကြီး) ဒါမှမဟုတ် Cross body Bag (ဘေးလွယ်အိတ်) လို ပုံစံမျိုးတွေဟာ နေ့စဉ်သုံးဖို့ အဆင်ပြေပါတယ်။အနက်၊ အဖြူ၊ အညို ဒါမှမဟုတ် အသားရောင်လိုမျိုးဆို ဘယ်လိုအဝတ်အစားနဲ့မဆို တွဲဖက်လွယ်တဲ့ အရောင်မျိုးကို ရွေးချယ်နိုင်ပါတယ်။



**(၃) နားဆွဲနှင့် လည်ဆွဲ**

သေးငယ်ပြီး ရိုးရှင်းတဲ့ နားကပ်(Stud Earrings)လေး ထောင့်ပုံစံ၊ စက်ဝိုင်းပုံစံတွေက ဘယ်အခြေအနေမှာမဆို အဆင်ပြေပါတယ်။ ပုံမှန်ရွှေရောင်၊ ငွေရောင် လည်ဆွဲကြိုးပါးလေးတွေ၊ ဒါမှမဟုတ် ပုလဲလုံးလေးတွေက ရိုးရှင်းလှပတဲ့ဖက်ရှင်အတွက် အကောင်းဆုံးပါပဲ။

**(၄) နေကာမျက်မှန်**

နေကာမျက်မှန်က မျက်လုံးကို နေရောင်ခြည်ဒဏ်ကနေ ကာကွယ်ပေးရုံသာမက သင့်ရဲ့စတိုင်လ်ကိုလည်း ပိုပြီးလှပသွားအောင် ဖန်တီးပေးပါတယ်။ Ronn (မျက်မှန်ဝိုင်း)၊ Aviator (လေယာဉ်မှူးပုံစံ) ဒါမှမဟုတ် Cateye(ကြောင်မျက်လုံးပုံစံ) လိုမျိုး ဂန္ထဝင်ဆန်တဲ့ပုံစံတွေက အဝတ်အစားနဲ့ လိုက်ဖက်ပါတယ်။

ဒီလို Accessories လေးတွေနဲ့ သင့်ရဲ့ရိုးရှင်းတဲ့ ဖက်ရှင်ကို ထူးခြားတဲ့ စတိုင်လ်တစ်ခုအဖြစ် ပြောင်းလဲနိုင်ပါတယ်။ **Daisy**



## မန်ကျည်းသီးနဲ့ အသားအရေထိန်းသိမ်းနည်း

မန်ကျည်းသီးက ဟင်းချက်ရာမှာတင် အသုံးဝင်တာမဟုတ်ဘဲ အသားအရေအတွက်လည်း အလွန်ကောင်းမွန်တဲ့ သဘာဝပစ္စည်းတစ်ခုပါ။ မန်ကျည်းသီးမှာ ဗီတာမင်C၊ Antioxidantsနဲ့ Alpha Hydroxy Acids (AHAs)တွေပါဝင်လို့ အသားအရေကို ကြည်လင်ဝင်းပစေပြီး အမည်းစက်တွေကိုလည်း လျှော့ပါးစေပါတယ်။

မန်ကျည်းသီးကို အသုံးပြုပြီး အသားအရေထိန်းသိမ်းနိုင်မယ့် နည်းလမ်းလေးတွေထဲက တစ်ခုဖြစ်တဲ့ မျက်နှာအသားအရေချောမွေ့စေမယ့် ပေါင်းတင်နည်းကို မျှဝေပေးပါမယ်။ ဒီနည်းလမ်းက မျက်နှာပေါ်က အညစ်အကြေးတွေနဲ့ ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး မျက်နှာအသားအရေကို ချောမွေ့ကြည်လင်စေပါတယ်။

လိုအပ်တဲ့ ပစ္စည်းများတွေကတော့ မန်ကျည်းသီးအနှစ် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ပျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ နနွင်းမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းတို့ပဲ ဖြစ်ပါတယ်။ မန်ကျည်းသီးမှည့်အနှစ်ကို ရေနွေးနည်းနည်းထည့်စိမ်ပြီး အနှစ်ရအောင် လုပ်ထားပါ။ ရလာတဲ့အနှစ်ကို ခွက်တစ်ခုထဲမှာထည့်ပြီး ပျားရည်နဲ့ နနွင်းမှုန့်ကိုပါရောထည့်ပြီး သမအောင်မွှေပါ။ မျက်နှာကို သန့်စင်ပြီးနောက် ဒီအရောအနှောကို မျက်နှာပေါ်မှာ ညီညာအောင်လိမ်းပြီး ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ထားပြီးနောက် ရေနွေးနွေးနဲ့ ဆေးချပါ။ ၁၀ ရက်တစ်ကြိမ် ပုံမှန်ပြုလုပ်ပေးမယ်ဆိုရင် မျက်နှာအသားအရေကြည်လင်ပြီး အမည်းစက်တွေကိုလည်း သက်သာစေပါတယ်။

**Daisy**

## လက်ရှိခေတ်စားနေတဲ့ ရိုးရှင်းပေါ့ပါးတဲ့ မိန်းကလေးဖက်ရှင်

လက်ရှိအချိန်မှာ ခေတ်စားနေတဲ့ မိန်းကလေးဖက်ရှင်တွေဟာ ရိုးရှင်းမှုနဲ့ အေးချမ်းပေါ့ပါးမှုကို ဦးစားပေးလာကြတာကို တွေ့ရပါတယ်။အရင်ကလို ခေတ်ဆန်လွန်းတာထက် သက်သောင့်သက်သာရှိပြီး ကိုယ်နဲ့လိုက်ဖက်တဲ့ ပုံစံမျိုးတွေကို ပိုပြီး ရွေးချယ်လာကြပါတယ်။ ဒီနေရာမှာ လက်ရှိခေတ်စားနေတဲ့ ဖက်ရှင်အချို့ကို ဖော်ပြပေးလိုက်ပါတယ်၊

**၁။ Oversized T-shirt နှင့် Hoodie များ**

ခပ်ပွပွ T- shirt များနဲ့ Hoodie တွေကို ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ စကပ်တို့နဲ့ တွဲဝတ်တာဟာ အရမ်းကို ခေတ်စားနေပါတယ်။ သက်သောင့်သက်သာရှိပြီး ပေါ့ပေါ့ပါးပါးဖက်ရှင်ဖြစ်လို့ လူငယ်တွေကြားမှာ အထူးရေပန်းစားပါတယ်။

**၂။ Baggy Jeans များ**

ခါးပွဘောင်းဘီရှည်တွေဟာလည်း အရင်လို ခေတ်နောက်ကျနေတယ်လို့ မထင်တော့ဘဲ ဖက်ရှင်ကျတဲ့ ပုံစံတစ်ခုအဖြစ် ပြန်လည် ရောက်ရှိလာပါတယ်။ အပေါ်ပိုင်းမှာ ခပ်ကြပ်ကြပ် အင်္ကျီလေးတွေနဲ့ တွဲဖက်ဝတ်ဆင်ရင် ပိုပြီးလှပပါတယ်။

**၃။ Linen နှင့် Cotton အထည်များ**

Linen လို အေးမြပြီး ပေါ့ပါးတဲ့ အထည်တွေနဲ့ ချည်သား (Cotton)အထည်တွေကို ရွေးချယ်လာကြပါတယ်။ ဒါတွေက အသားအရေအတွက်လည်း ကောင်းပြီး သဘာဝဆန်တဲ့ပုံစံကို ဖော်ဆောင်နိုင်ပါတယ်။

**၄။ Pastel အရောင်များ**

အဖြူ၊ မီးခိုး၊ အညိုစတဲ့ အရောင်ဖျော့လေးတွေနဲ့ ခပ်နုနု Pastel အရောင်တွေကို ပိုမိုနှစ်သက်လာကြပါတယ်။ ဒီအရောင်တွေက ရိုးရှင်းပြီး အေးချမ်းတဲ့ ပုံစံကို ပေးစွမ်းနိုင်ပါတယ်။

အခုဖော်ပြလိုက်တဲ့ ဖက်ရှင်တွေထဲကနေ သင်နဲ့ အသင့်တော်ဆုံးပုံစံကို ရွေးချယ်ပြီး ဝတ်ဆင်နိုင်ပါတယ်။ **Daisy**



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ




**ဆီဆိုင် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)ရှိ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)မှ Grade-11 ကျောင်းသား မောင်ဝင်းကျော်က "လူငယ်နှင့် ရည်မှန်းချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မဇင်ဇင်မျိုးက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား မောင်အောင်မြင့်မြတ်က "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 ကျောင်းသူ မနန်းလှသီဂီဝင်းက "လူငယ်နှင့် စာရိတ္တ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသားမောင်ခွန်ထွန်းလေက "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဆွေးနွေးသည့် ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြရာ တာဝန်ရှိသူများက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၆၈)**

# မိုးစပါးများစိုက်ပျိုးရာတွင် အောင်နိုင်တိုးစပါးမျိုးကို တိုးချဲ့စမ်းသပ်စိုက်ပျိုး

**ကသာ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်တွင် မိုးစပါးဧကတစ်သိန်းခုနစ်သောင်းကျော် စိုက်ပျိုးထားပြီးဖြစ်ရာ အောင်နိုင်တိုးစပါးမျိုးကို တိုးချဲ့စမ်းသပ်စိုက်ပျိုးထားသည်။

ကသာခရိုင်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာတွင် မိုးစပါးစိုက်ဧက ၁၇၃၆၂၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ စက်တင်ဘာ ၂၂ ရက်အထိ ၁၇၁၇၃၃ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

"မိုးစပါးကို ကသာခရိုင်အတွင်း ဆန်၊ စပါးရိက္ခာဖူလုံစေဖို့ အဓိကထားစိုက်ပျိုးတာဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေ လိုအပ်တဲ့ စပါးမျိုး၊ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကသာခရိုင်အတွင်း စပါးတစ်ဧကအလိုက် အထွက်နှုန်းကောင်းမွန်လျက်ရှိပြီး ဆင်းဧကရီ(၃)၊ မော်ဘီ(၂)၊ ဧရာမင်း၊ ဆင်းသုခမျိုးများအပြင် အောင်နိုင်တိုးစပါးမျိုးကိုလည်း တိုးချဲ့စပ်းသပ်စိုက်ပျိုးထားသည်။

မိုးစပါးအထွက်နှုန်းကောင်းမွန်စေရန်အတွက် ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် စပါးမျိုးသန့်၊ မျိုးစေ့များထုတ်လုပ်ခြင်း၊ စံပြကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုး၍ ဒေသခံတောင်သူများအား လက်တွေ့ပြသခြင်း၊ သင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသည့်အပြင် မြေဆီလွှာတိုးတက်ကောင်းမွန်စေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**
**(၃၉၄)**





# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**လွိုင်လင် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ကြီးမှူး၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ထိုသို့ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ မကျင်းပမီ ဦးစွာ ခရိုင် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ကြက်ခြေနီအသင်း ဖြစ်ပေါ်လာပုံအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ World First Aid Day အထိမ်းအမှတ်KG တန်းအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းနှင့် မူလွန်အဆင့်တွင် ပန်းချီပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

အဆိုပါ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အဖြစ် ယခုနှစ်တွင် "ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ သဏ္ဍာန်လှပ
ပန်းရလိမ့် ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## တစ်မိုးနှောင်း၍ ဆောင်းရောက်တော့မည်

* မိုးအမှုန်ဆင် ရပ်ရှစ်ခွင်က
ဟန်ပြင်မှိုင်းမို့ ဆိုင်းဆိုင်းညို့၍
ဝိုင်းလို့မာန်ဝင် ရှာရန်ပြင်သည်
ပလ္လင်ဆေးမိုးလာတော့မည် ။

* စိုက်ပင်စိုက်သား စိမ်းလဲ့ထွား၍
ယိမ်းနွဲ့အားအင် ကွင်းလုံးရှင်သည်
စည်ပင်ခိုင်ဖြိုး မြိုင်မြိုင်သီးလျက်
ကောက်ကြီးကောက်သားဝင်တော့မည်။

* ဝါလကင်းလွတ် သီတင်းကျွတ်သော်
နှင်းဆွတ်ပျံ့သင်း ခဝဲခင်းတို့
သီးကင်းမြိုင်စွာ တင့်ဆန်းကာဖြင့်
ပွင့်ဝါဝါတို့လှိုင်ချေပြီ ။

* မြောက်လေကပြန် တောင်လေဆန်၍
မိုးကျန်မိုးကြွင်း ဆီးနှင်းလုကာ
ရာသီလည်းပြောင်း တစ်မိုးနှောင်းသည်
ဆောင်းလရောက်လာတော့မည်လေ ။ ။

**ချစ်ဝေ(ခေမာမြေ)**






# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်း နံ့စိမ်းခေါက်ဆွဲ ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညို ကြပြီး မန္တလေးမြို့နေ အလှူရှင် ဒေါက်တာ မျိုးမြင့်+ဒေါက်တာ စိန်စိန်ဝင်း၊ (သား) ဒေါက်တာ ဝင်းမောင်မောင်မျိုး+ ဒေါက်တာ မျိုးကိုကို၊ (မြေး) မမေရှင်းသန့်မျိုး၊ မအိအိရှင်းသန့် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၃၅ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

*- *- *- *- *- *- *

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ဆေးရုံမှတာဝန်ရှိသူများက သွေးလှူဒါန်းကြမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို သွေးပေါင်ချိန်ပေးခြင်း၊ သွေးအမျိုးအစား ခွဲခြားပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းနေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ကျော်ဟန်၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းဦး၊ အမျိုးသမီးနှင့် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များကို အာဟာရပြည့်အစာ့အစာများ ပေးအပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲ၌ လှူဒါန်းသော သွေးအိတ်များကို အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသက်ထားဆွေ၊ Medical Technologist (ဓာတ်ခွဲပညာရှင်) ဒေါ်စုရွှေရည်စိုးဝင်းနှင့် ဆရာမများက လက်ခံရယူပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)




# မော်ဓောမြင်သာမြို့ထောင့် စေတီစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်၊ အကြိမ်(၂၁၀)မြောက် ဘုံဆွမ်းလောင်း ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေဘိုမြို့ သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြပြီး တက်ရောက်လာသူများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ နန်းဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ဟောကြားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခဲ့ကြပြီး အလှူရှင်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကြသည်။

စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ခဲ့ကြပြီး သံဃာတော်များ ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ' အစချီသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူပြီး ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကာ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ၍ ဗုဒ္ဓါဘိသိတ်သွန်းလောင်းပူဇော်၍ 'ဒေဝဂမန ဝေလာဂါထာ'ကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပို့ဆောင်ကာ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး အကြိမ်(၂၁၀)မြောက် ဘုံဆွမ်းလောင်းလှူပွဲတော်ကို ဆက်လက်ကျင်းပရာ ရွှေဘိုတပ်နယ်မိသားစုများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုမြို့ပေါ်ရပ်ကွက်များရှိ ဘုံဆွမ်းလောင်းအသင်းများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များက လာရောက်ဆွမ်းလောင်းလှူကြသည်။

ရွှေဘိုမြို့၊ မြို့ပေါ်ကျောင်းတိုက်များရှိ သံဃာတော် ၇၅၁ ပါးတို့အား ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူခဲ့ကြကြောင်း သိရသည်။ (၃၉၄)

*- *- *- *- *- *- *

# မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ရာ ယခုအခါ ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။



မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားနေ ဦးဝင်းဇော်မိသားစုက ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊ ရဲရွာနေ ကိုမော်သူ (မွေးနေ့အလှူ)+ မပိုးနှင်းဖြူ မိသားစုက ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ စံမတူကျော် မိသားစုက ငွေကျပ် ၁၁ သိန်း၊ ဒေါ်ခင်စန်းမြင့် မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကိုလည်း ကောင်း၊ ဦးပြည့်ဖြိုးအောင်+ ဒေါ်နွယ်နီစိုး မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)



# ကျောင်းဆောင်ပြုပြင်ရန်နှင့် ရေကန်တည်ဆောက်ရန် အလှူငွေများ လှူဒါန်း

**စဉ့်ကိုင် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာကြီး၌ ယောဂီအမျိုးသမီးကျောင်းဆောင်ပြုပြင်ရန် ငွေကျပ် လေးသိန်း၊ ဝက်သေတောရကျောင်းရေကန်တည်ဆောက်ရန် ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ငါးသိန်းကို အလှူရှင် မန္တလေးမြို့နေ ဖခင်ကြီး ဦးစိုး၊ မိခင် ဒေါ်စန်းနှင့် ခင်ပွန်း ဦးမော်ကြီးတို့အား ရည်စူး၍ ဒေါ်ထွေထွေး(ယုဇန ခြင်ထောင်ဆိုင်) မိသားစုက စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ရိပ်သာရှိ ဆွမ်းစားကျောင်းခန်းမ၌ လှူဒါန်းရာ ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဇွန်ဝမ်းစတားတာယာရောင်းဝယ်ရေး)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၃)

# တုန္နိုင်းမဲ့မြတ်ဗုဒ္ဓနှင့် ဟေမဝတသုတ်မှ ကောက်နုတ်ချက်(၂)

(၁၉-၉-၂၀၂၅)ရက်နေ့၊ စာမျက်နှာ(၁၄)မှ အဆက်-

သုတ္တန်၂ဒေသနာများသည် ပုဂ္ဂိုလ်နှင့် စပ်ဆိုင်သည့် ဝတ္ထုကြောင်းရာများ၊ ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ဘုရားရှင်၏ လမ်းညွှန်ဆုံးမသြဝါဒပေးမှုများဟု စာရေးသူနားလည်မိပါသည်။ ဘုရားရှင်ဟောကြားသည့် သုတ္တန်များစွာရှိရာ ဟေမဝတသုတ်သည် ထူးခြားသည့် သုတ်တော်တစ်ခုဖြစ်သည်။ အကြောင်းမူ ယင်းသုတ်တော်ကို ဓမ္မစကြာတရား ဟောပြီးကာစ မဇ္ဈိမ်အချိန်တွင် ဟောသည်။ ထို့ပြင် ကာဠီသူဋ္ဌေးသမီးသည် ဤဟေမဝတသုတ်ပါ နတ်စစ်သူကြီးနှစ်ဦးတို့၏ အမေး၊ အဖြေစကားတို့ကို တစ်ဆင့်ကြားကာမျှဖြင့် ကြည်ညိုသဒ္ဓါဖြစ်ကာ အမျိုးသမီးတို့တွင် အစအဦး သောတာပန် အရိယာ သာဝိကာမဖြစ်ခဲ့သည်မှာ ထူးခြားစိတ်ဝင်စားဖွယ် ဖြစ်သည်။

ဤသုတ်တော်ပါ နတ်စစ်သူကြီးနှစ်ဦး အမေး၊ အဖြေစကားများနှင့် ဟေမဝတနတ်မင်းက ဘုရားရှင်ကို လျှောက်ထားမေးမြန်းချက်နှင့် ဘုရားရှင်က ပြန်လည်ဖြေကြားမိန့်ခဲ့ပုံတို့ကို စာရေးသူဖတ်ရှုမိရင်းက လောကီ၊လောကုတ္တရာ ဉာဏ်ပညာကို ပေးတော်မူသော ချမ်းသာအစစ်မဂ်လမ်းကို နည်းပေးလမ်းပြသည့် ဘုရားရှင်ကို အတိုင်းမသိ ပို၍ ပို၍ ကြည်ညိုမိသည်။ ထို့ကြောင့်လည်း ဤအကြောင်းအရာကို ဆောင်းပါးရေးဖြစ်အောင် ရေးပြီး စာဖတ်သူတို့ကို မျှဝေဖြစ်တာပါ။

အဆိုပါ ဝါဆိုလပြည့် မဇ္ဈိမ်အချိန်တွင် ဟေမဝတနှင့် သာတာဂိရိနတ်မင်းနှစ်ဦး သူတို့နောက်ပါ နတ်စစ်သည်များ ဘုရားရှင်ထံ ရောက်ရှိ ဖူးမြော်ဦးခိုက်ကြပြီးချိန် ဟေမဝတနတ်မင်းမှ ဘုရားရှင်ကို စတင်လျှောက်ထားပုံစကားမှာလည်း ဤသို့လျှင် ကြည်ညိုဖွယ်ကောင်းလှသည်-

**'အက္ခာတာရံ ပဝတ္တာရံ**
**သဗ္ဗဓမ္မာနံ ပါရဂုံ**
**ဗုဒ္ဓံ ဝေရဘယာတီတံ**
**မယံ ပုစ္ဆာမ ဂေါတမံ'**

သစ္စာလေးပါး မြတ်တရားကို အကျဉ်းအားဖြင့်လည်း၊ အကျယ်အားဖြင့်လည်း ဝေဖန်ဟောကြားတော်မူတတ်သော၊ အလုံးစုံသောတရားတို့၏တစ်ဖက်ကမ်းရောက်ထွင်းဖောက် သိမြင်တော်မူသော ရန်ဘေးခပ်သိမ်း ကင်းငြိမ်းကျော်လွန်တော်မူပြီးသော၊ တရားအလုံးစုံကို အကုန်သိမြင်တော်မူသော ဂေါတမနွယ်ဖွား မြတ်ဘုရားကို အကျွန်ုပ်တို့သည် မေးမြန်းလျှောက်ထားလိုပါသည်ဘုရား'ဟု ဘုရားရှင်၏ တရားဂုဏ်တော်တို့ကို ဖွင့်၍ သဒ္ဓါဦးထိပ်ထားပုံကို တွေ့ရသည်။

**ဟေမဝတနတ်မင်းလျှောက်ထားသည့်**
**မေးခွန်း(၈)ချက်**

(၁) မြတ်စွာဘုရား အဘယ်အရာ ရှိလတ်ဖြစ်လတ်သော် သတ္တဝါဟူသော လောကသည် ဖြစ်ပေါ်ပါသနည်း။

(၂) သတ္တဝါဟူသောလောကသည် အဘယ်၌ ပေါင်းသင်းဆက်ဆံခြင်းကို ပြုနေပါသနည်း။

(၃) အဘယ်ကို မှီ၍ လောကမည်ပါသနည်း။

(၄) သတ္တဝါဟူသောလောကသည် အဘယ်၌ အနှိပ်စက်ခံနေရပါသနည်း။

(၅) ငါး,ငါ့ ဥစ္စာဟု စွဲလမ်းအပ်သော ထိုတရားသည် အဘယ်ပါနည်း။

(၆) အဘယ်သို့ ပြုကျင့်လျှင် ဆင်းရဲမှ လွတ်မြောက်ပါသနည်း။

(၇) လောက၌ အဘယ်သို့သောသူသည် ရေစီးအသွင် ကိလေသာရေအလျဉ်ကို ကူးမြောက်ကျော်လွှန်နိုင်ပါသနည်း။ (ဤလောက၌ အဘယ်သို့သောသူသည် ရေပြင်နက်ကျယ်မြစ်ပင်လယ်ကို ကူးမြောက်ကျော်လွှန်နိုင်ပါသနည်း။)

(၈) အောက်၌လည်း တည်ရာ ထောက်ရာမရှိ၊ အထက်၌လည်း ဆွဲကိုင်ထားစရာမရှိ၊ နက်ကျယ် လှစွာ သံသရာပင်လယ်၌ အဘယ်သို့သောသူသည် မနစ်မြုပ်ဘဲ ရှိပါသနည်း။



ဟေမဝတမင်း၏ မေးလျှောက်မှုများကို ဘုရားရှင်သည် တစ်ချက်ချင်း ဂါထာဆနသေချာပြည့်စုံအောင် ဖြေကြားတော်မူခဲ့သည်။ စာဖတ်သူတို့အား မူရင်းပါဠိတော်နှင့် အနက်တို့ကို သိရှိကြည်ညိုနိုင်ပါစေခြင်းငှာ တစ်ချက်ချင်းကို ဖော်ပြလိုက်ပါသည်။

ဟေမဝတမင်း မေးလျှောက်ချက်(၈)ချက်မှ ပထမ(၄)ချက်နှင့် ပတ်သက်၍ မြတ်စွာဘုရားရှင်မှ ဟောမိန့်ဖြေကြားပုံမှာ-

**'ဆသု လောကော သမုပ္ပန္နော**
**ဆသု ကုဗ္ဗတိ သန္ထဝံ**
**ဆန္နမေဝ ဥပါဒါယ**
**ဆသု လောကော ဝိဟညတိ။**

အဓိပ္ပာယ်မှာ -

- ဟေမဝတနတ်မင်း ခြောက်ပါးတို့ ရှိကြဖြစ်ကြလျှင် သတ္တဝါဟူသော လောကသည် ဖြစ်ပေါ်လေသည်။

- သတ္တဝါဟူသော လောကသည် ခြောက်ပါးတို့၌ ပေါင်းသင်းခြင်းကို ပြုနေပေသည်။

- ခြောက်ပါးတို့ကိုသာလျှင် စွဲမှီ၍ လောကဟု ခေါ်သော သတ္တဝါမည်ပေသည်။

- လောကဟုခေါ်သော သတ္တဝါသည်ခြောက်ပါးတို့၌ အနှိပ်စက်ခံရလျက် ဆင်းရဲပင်ပန်းနေသည်။

ဟေမဝတနတ်မင်း၏ မေးလျှောက်ချက်(၈)ချက်မှ အမှတ်စဉ်(၅) ငါ, ငါ့ ဥစ္စာဟု စွဲလမ်းအပ်သော တရားသည် အဘယ်ပါနည်းနှင့် အမှတ်စဉ်(၆)တို့ကို ဘုရားရှင်မှ ဖြေကြားပုံမှာ -

**'ပဉ္စကာမဂုဏာ လောကေ**
**မနောဆဋ္ဌာ ပဝေဒိတာ။**
**ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ**
**ဧဝံ ဒုက္ခာ ပမုစ္စတိ'**

အဓိပ္ပာယ်မှာ-

- လောက၌ စိတ်လျှင် ခြောက်ခုမြောက်ရှိကုန်သော ငါးပါးသော ကာမဂုဏ်တို့သည် ငါ, ငါ့ ဥစ္စာဟု စွဲလမ်းအပ်သော တရားတို့သာ ဖြစ်သည်။

- စိတ်နှင့်တကွ ကာမဂုဏ်ငါးပါး ဤတရားတို့၌ (အာရုံခြောက်ပါးတို့၌) ဖြစ်ထိုက်သော နှစ်သက်တပ်စွဲမှု တဏှာကို ပျက်ပြယ်အောင်ကျင့်ခြင်းသည်သာလျှင် ဆင်းရဲအပေါင်းမှ ကောင်းစွာမချွတ် ကင်းလွတ်ရာ ဖြစ်သည်။

ဟေမဝတနတ်မင်း၏ မေးခွန်း အမှတ်စဉ်(၇)နှင့် ပတ်သက်၍ ဘုရားရှင်ဖြေကြားသည့် ပါဠိတော်နှင့် အနက်ကို ဆက်လက်ဖော်ပြရပါလျှင်-

**'သဗ္ဗဒါ သီလသမ္ပန္နော**
**ပညဝါ သုသမာဟိတော။**
**အဇ္ဈတ္တစိန္တီ သတိမာ**
**ဩဃံ တရတိ ဒုတ္တရံ'**

အဓိပ္ပာယ်ဖော်ပြရပါလျှင် 'အခါခပ်သိမ်း သီလနှင့် ပြည့်စုံသည့်ဖြစ်၍ အမှတ်ရမှု သတိရှိလျက် ကောင်းစွာတည်ကြည်သော သမာဓိရှိသည်။ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်လျက် လောကီ၊လောကုတ္တရာ ထူးသော ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် ကူးမြောက်နိုင်ခဲ့သော ဩဃလေးဖြာ သံသရာရေအလျဉ်ကို ကျော်လွှန်ထုတ်ချောက် ကူးမြောက်နိုင်သည်ဟု ဖြစ်သည်။

ဟေမဝတနတ်မင်းမှ ဘုရားရှင်ကို မေးလျှောက်သည့် မေးခွန်းများမှ နောက်ဆုံးအချက်ကို ဘုရားရှင်ဖြေကြားပုံ ပါဠိတော်နှင့် အနက်မှာ-

**'ဝိရတော ကာမသညာယ**
**သဗ္ဗ သံယောဇနာ တိဂေါ။**
**နန္ဒီဘဝ ပရိက္ခီဏော**
**သောဂမ္ဘီရေ န သီဒတိ'**

**'ကာမအာရုံ၌ မှတ်စွဲလျက်ဖြစ်သော ကာမသညာမှ ကြဉ်ရှောင်ကင်းကွာသည်ဖြစ်၍ သံယောဇဉ်(ခေါ်) ချည်နှောင်ကြိုးအားလုံးကို လွန်မြောက်ပြီးသော ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် နှစ်သက်တပ်စွဲသည့် နန္ဒီရာဂနှင့်ဖြစ်ရမည်။ ဘဝအားလုံးကုန်ဆုံးပြီးဖြစ်သည်။ ထို့ပြင် စွဲကိုင်စရာလည်းကင်း၊ ထောက်တည်စရာလည်းကင်းကာ နက်လှစွာသော သံသရာပင်လယ်ထဲ၌ နစ်မြုပ်ခြင်းမရှိ အမြဲပေါ်ကာ ချမ်းသာလျက် ရှိပေတော့သည်'**ဟူ၍ ဖြစ်သည်။

ဟေမဝတနတ်မင်းသည် နောက်လိုက်စစ်သည်တို့နှင့်အတူ ဘုရားရှင်ထံ ချဉ်းကပ်ကာ သေမင်း၏ ကျော့ကွင်းကို ဖြေရှင်းရာ နိဗ္ဗာန်နှင့်စပ်လျဉ်းသည့် မေးခွန်းတို့ကို မေးလျှောက်အပြီး ဘုရားရှင်၏ဟောမိန့်ဖြေကြားချက်တို့ကို နားထောင်ရသည့်အခါ လွန်စွာမှပင် စိတ်နှလုံးအားရတော်မူသည်ဟု စာရေးသူ ယူဆမိသည်။ အဘယ်ကြောင့်မူ ဟေမဝတနတ်မင်းသည် ဘုရားရှင်ဖြေဆိုတော်မူအပြီး၌ သူ၏နောက်ပါ နတ်စစ်သည်တို့ကို ဘုရားရှင်၏ နက်နဲသောပညာနှင့် ကျေးဇူးဂုဏ်တို့ကို လှစ်ဟဖော်ကျူးကာဖူးမြင်ကြပါရန် ဤသို့ နိုးဆော်ထားပုံကို တွေ့ရသည်။-

**'ဂမ္ဘီရ ပညံ နိပုဏတ္ထဒဿိံ**
**အကိဉ္စနံ ကာမဘဝေ အသတ္တံ။**
**တံ ပဿထ သဗ္ဗဓိ ဝိပ္ပမုတ္တံ၊**
**ဒိဗ္ဗေ ပထေ ကမမာနံ မဟေသိံ'**

ဟေမဝတနတ်မင်းက 'အချင်းနတ်တို့ နက်နဲသော ပညာနှင့် ပြည့်စုံတော်မူသော၊

- သိမ်မွေ့နက်နဲ သိနိုင်ခဲသော အကြောင်းအရာဟူသမျှကို မြင်တော်မူသော၊

- ရာဂစသည်ဖြင့် ကြောင့်ကြမှုကင်းတော်မူသော၊

- နှစ်ပါးသောကာမ၊သုံးပါးသော ဘဝ၌ ငြိကပ်တွယ်တာခြင်း ကင်းတော်မူသော၊

- အလုံးစုံသော ခန္ဓာစသည်တို့၌ ကင်းလွတ်တော်မူသော၊

- သမာပတ် ရှစ်ပါးဟူသော ဒိဗ္ဗဝိဟာရလမ်း၌ ကွန့်မြူးကြွသွားနေတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ကြပါကုန်လော့ဟူ၍လည်းကောင်း၊

**အနောမနာမံ နိပုဏတ္ထဒဿိံ**
**ပညာဒဒံ ကာမာလယေ အသတ္တံ ။**
**တံ ပဿထ သဗ္ဗဝိဒုံ သုမေဓံ၊**
**အရိယေ ပထေ ကမမာနံ မဟေသိံ။**

အချင်းနတ်တို့ -

- မြင့်မြတ်သော ဂုဏ်တို့နှင့်စပ်သည့် အမည်ရှိတော်မူသော သိမ်မွေ့နက်နဲ သိနိုင်ခဲသော အကြောင်းအရာဟူသမျှကို မြင်တော်မူသော၊

- လောကီ၊ လောကုတ္တရာ ဉာဏ်ပညာကို ပေးတော်မူတတ်သော၊

- တွယ်တာဖွယ် ကာမဂုဏ်၌ မငြိမတွယ်၊ စင်ကြယ်တော်မူသော၊

- အလုံးစုံကို သိတော်မူသော၊ ကောင်းသော ပညာနှင့် ပြည့်စုံတော်မူသော၊

- အရိယာတို့လမ်း၌ ကြွမြန်းကွန့်မြူးလျက်ရှိသော မြတ်စွာဘုရားကို ဖူးမြင်ကြပါကုန်လော့ဟူ၍လည်းကောင်း ဖြစ်သည်။

ဟေမဝတနတ်မင်းသည် သူ၏မေးမြန်းလျှောက်ထားချက်တို့အပေါ် ဘုရားရှင်က ပြန်လည်ဖြေကြားဟောမိန့်ပုံကို လွန်စွာမှ ကျေနပ်နှစ်ခြိုက်အားရတော်မူသည်ဟု ထပ်မံယူဆမိပြန်ပါသည်။ ယင်းမှာ ဘုရားရှင်၏ဟောမိန့်မှုအဆုံး၌ သူ၏နောက်ပါ နတ်စစ်သည်တို့ကို အထက်ပါအတိုင်း 'အချင်းနတ်တို့' ဟု အစချီကာ ပါဠိတော်နှစ်ပုဒ်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်တို့ကို လှစ်ဟကာ နှိုးဆော်ခဲ့သလို ဖူးမြော်ကြမှုအပြီးတွင်လည်း ပါဠိတော်သုံးပုဒ်ဖြင့် ဘုရားရှင်ကို ဖူးမြင်ကြရခြင်းသည် ကောင်းစွာ မြင်တွေ့မိုးလင်းခြင်း ဖြစ်ပေသည်။ ဘုရားရှင်သည် အမြတ်ဆုံးဆရာသခင်ဖြစ်ပုံနှင့် ဘုရားရှင်၏ ကောင်းသောတရားတို့ မည်ပုံတို့ကို တစ်ရွာမှ တစ်ရွာ၊ တစ်တောင်မှ တစ်တောင် လှည့်လည်ကာ ကြေညာကြပါအံ့ဟု အလွန်ဝမ်းမြောက်ကာ ဆက်လက်ဆောင်ရွက်ရန်ကိုပါ ဆုံးဖြတ်ခဲ့သည်ကို တွေ့ရ၍ ဖြစ်သည်။ ယင်းပါဠိတော်သုံးပိုဒ်မှ အလယ်ပိုဒ်ကို ဖော်ပြ၍ နိဂုံးချုပ်ရပါလျှင်-

**ဣမေ ဒသသတာ ယက္ခာ**
**ဣဒ္ဓိမန္တော ယသဿိနော။**
**သဗ္ဗေတံ သရဏံ ယန္တိ၊**
**တွံ နော သတ္ထာ အနုတ္တရော ။**

မြတ်စွာဘုရား၊ ကမ္မဇိဒ္ဓိနှင့် ပြည့်စုံကုန်သော များစွာသော အခြံအရံရှိကုန်သော၊ အလုံးစုံကုန်သော ဤတစ်ထောင်သော နတ်ဘီလူးတို့သည် အရှင်ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါကုန်၏။ အရှင်ဘုရားသည် ကျွန်ုပ်တို့၏ အမြတ်ဆုံးဆရာသခင်ဖြစ်ပါသည် အရှင်ဘုရား။

ဟူ၍ဖြစ်သည်။ ဘုရားရှင်၏ ဤဟေမဝတသုတ်တရားတော်ကို ဟောကြားခဲ့မှုအဆုံးတွင် နတ်စစ်သူကြီးနှစ်ဦးနှင့် အတူတကွ နတ်စစ်သည် တစ်ထောင်တို့ တရားထူးရခဲ့ကြသည်။

စာဖတ်သူမိတ်ဆွေအပေါင်းတို့ ဘုန်းတော်နေဝန်းထွန်းလင်းတောက်ပ မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် မိန့်ကြားတော်မူခဲ့သော ဦးမော်လူး စီစဉ်သည့် ဓမ္မစကြာ၊ ဟေမဝတသုတ်၊ အနတ္တလက္ခဏသုတ်တို့ကို ပူဇော်ကြည်ညိုကြရင်း ဘာဝနာသိဉာဏ်တို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်ကာ သံသရာဘေးဆိုးမှ လွတ်မြောက်ရေး အထောက်အပံ့တို့ ဖြစ်ပါစေကြောင်း မေတ္တာဖြင့် နှိုးဆော်ရေးသားလိုက်ရပါသည်။

**မှီငြမ်း – ဦးမော်လူး စီစဉ်သည့်**
**ဓမ္မစကြာ၊ ဟေမဝတသုတ်၊**
**အနတ္တလက္ခဏသုတ်**

ရေချမ်းမန်း

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ





နေပြည်တော် စက်တင်ဘာ ၂၃

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက virtual ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကိုထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများ သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သောအရင်းအနှီးငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီသုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်း ဈေးကွက်ဆိုင်ရာ သတင်းအချက်များကို တောင်သူများထံ အချိန်မီရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် (၁/၂၀၂၃)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နေကြာသီးနှံတိုးချဲ့ စိုက်ပျိုးရေး၊ ဝါ၊ ရော်ဘာ၊ ဆီအုန်းသီးနှံများ အထွက်နှုန်း တိုးတက်ရေးအပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် သီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင် သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု (H)နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ စက်တင်ဘာ ၂၄ ရက် (ယနေ့) ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု (H) အဖွင့်ပွဲစဉ်တွင် မော်လ်ဒိုက်အသင်းကို ၇ ဂိုး၊ ၃ ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူထားပြီး ရမှတ် ၃ မှတ် ရယူထားသောကြောင့် ခြေစစ်ပွဲ အောင်မြင်ရန် အလားအလာကောင်းနေသည်။



၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအား အုပ်စု ရှစ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာမှ အသင်းများအနက် အကောင်းဆုံး ခုနစ်သင်း စုစုပေါင်း ၁၅သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု (H)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ အာဖဂန်နစ္စတန်အသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0



# Chinland အသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL-2(ပထမတန်း)အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေပိုင်းက Chinland အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Chinland အသင်းက ကချင်ယူနိုက်တက်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

Chinland အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်၊ မိနစ် ၉၀၊ (၉၀+၅)မိနစ်တွင် လှဖုန်းဦး၊ ပွဲချိန် ၅၉ မိနစ်တွင် ပါကို၊ ပွဲချိန် ၈၂ မိနစ်တွင် အန်ဒိုအာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

Chinland အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ပွဲကစားပြီး ရမှတ် ၁၂ မှတ် ရရှိထားသည်။

(NGB)

0-0-0-0-0